# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၉၉) ၊ ၁၃၈၆ ခုနှစ် ၊ တပေါင်းလဆန်း ၁၀ ရက် ၊ ၈–၃–၂၀၂၅၊ စနေနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဂုဏ်ပြုကြိုဆို

နေပြည်တော် မတ် ၇

ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko ၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ယနေ့ဒေသစံတော်ချိန် နံနက်ပိုင်းတွင် ဘယ်လာရုစ်နိုင်ငံသမ္မတက သမ္မတနန်းတော်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို သည်။

စာမျက်နှာ ၃ သို့ ☆

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ မတ်လ ၇ ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ် ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ် အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကရင် ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာ မည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်း အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာ ကွက်ကျား မိုးရွာနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေး တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

၂၀၂၅ ခုနှစ် ၊ မတ် ၈ ရက်၊ စနေနေ့။

## ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေးဆောင်ရွက်လျက်ရှိ

ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ခေတ်မီသံထည်၊ သံပုံသွင်းနည်းပညာများ အသုံးပြုပြီး အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ ဈေးကွက်တိုးတက်ရရှိရေးတို့အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

ခေတ်စနစ်များပြောင်းလဲလာသော်လည်း ပန်းပဲလက်မှုပညာဖြင့် အသက်မွေးဝမ်းကျောင်းပြု၍ လုပ်ငန်းဆက်လက်ရပ်တည်လုပ်ကိုင်သူများရှိသော်လည်း ပညာသင်ယူရသည့်အချိန်ကြာမြင့်ခြင်း၊ မီးအပူ၊ သံအပူတို့ကို ခံစားရခြင်း၊ လိုရာပုံရရှိအောင် ထုရိုက်ရသည့်အတွက် ပင်ပန်းခြင်း၊ ပြည်ပမှကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဝင်ရောက်လာခြင်းတို့ကြောင့် ပန်းပဲပညာကို လက်ဆင့်ကမ်းသင်ယူသူနည်းပါးလာကြောင်း၊ မိရိုးဖလာပန်းပဲလုပ်ငန်းများ၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးမှအစပြုပြီး လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများကို အာမခံနှင့် ထုတ်လုပ်ရောင်းချလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများထုတ်လုပ်သည့် MSME လုပ်ငန်းများကို မိရိုးဖလာမှသည် ခေတ်နှင့်အညီ ပိုမိုအဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ပန်းပဲလုပ်ငန်းများသည် ပြည်တွင်းဈေးကွက်သာရှိနေပြီး ကုန်ကြမ်းလုံလောက်မှု၊ ထုတ်ကုန်ပစ္စည်းအရည်အသွေး၊ တီထွင်ဆန်းသစ်မှု၊ နည်းပညာနှင့် ဈေးကွက်ရှာဖွေနိုင်မှု စသည့်လိုအပ်ချက်များရှိနေသည့်အတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ပါက ပြည်တွင်းထုတ်လုပ်ရောင်းချမှုအားကောင်းလာကာ ပြည်ပတင်ပို့ရောင်းချနိုင်သည်အထိ အောင်မြင်လာမည်ဖြစ်ပါကြောင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မတ်လ ၆ ရက် နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲ၌ ပြောကြားခဲ့သည်။

မြန်မာ့စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၅တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီးမှထွက်ရှိသည့် သံထည်ထုတ်ကုန်ပစ္စည်း ကတ်ကြေး၊ ဓား စသည်တို့သည် အရည်အသွေးကောင်းမွန်ပြီး ထင်ရှားသည့်အတွက် အဆိုပါသံထည်ထုတ်ကုန်ပစ္စည်းများ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေး တွန်းအားပေးဆောင်ရွက်သွားကြရန် လမ်းညွှန်မှုပြုထားလျက်ရှိသည်။

ထို့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရန်လိုသကဲ့သို့ အခြားထုတ်ကုန်များကို အဆင့်မီစွာထုတ်လုပ်နိုင်ရေးကို အားပေးမြှင့်တင်ဆောင်ရွက်သွားရန် လမ်းညွှန်ထားသည်။

ပြည်တွင်းသံထည်ထုတ်ကုန်ပစ္စည်းများ၊ အဆင့်မြှင့်တင်ထုတ်လုပ်နိုင်ရေး၊ အိမ်တွင်းမှုလုပ်ငန်းများမှ မီးဖိုချောင်သုံးဓား၊ ကတ်ကြေးမှအစပြုပြီး လယ်ယာသုံးပစ္စည်းများ၊ လက်သမားသုံးပစ္စည်းများအားလုံးကို အရည်အသွေးမြင့် နိုင်ငံတကာအဆင့်မီထုတ်လုပ်ရေး၊ ဈေးကွက်တိုးတက်ရရှိရေးတို့ကို အစိုးရ-ပုဂ္ဂလိကပူးပေါင်းကြိုးစားမှုဖြင့် ရလဒ်ကောင်းများရရှိအောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲအခမ်းအနား ကျင်းပ



**ပုဗ္ဗသီရိ မတ် ၇**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါ စေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ တပေါင်းကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲမုခ်ဦးအား နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဌာနမှူး ဦးစိုးဝင်း၊ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဇော်မင်းဦးနှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မြန်မာ့ရိုးရာ ခြင်းအလှခတ် ဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးပြီး နေပြည်တော်ကောင်စီဝင်နှင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဥက္ကဋ္ဌတို့က မြန်မာ့ရိုးရာခြင်းအလှခတ် ဖျော်ဖြေမှုတွင် ပါဝင်ကူညီခဲ့သူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

**(အပေါ်ဓာတ်ပုံ)**

အဆိုပါ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ (၁၇)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲတွင် ပွဲတော်လာပြည်သူများအား ဇာတ်သဘင်ဖျော်ဖြေမှု၊ တေးဂီတဖျော်ဖြေမှု၊ မြန်မာ့ရိုးရာခြင်းအလှခတ်ဖျော်ဖြေမှုများအပြင် ချား၊ ရဟတ်၊ ပျော်ပျော်အိ ကလေးကစားကွင်းများ စသည့် ပျော်ရွှင်ဖွယ် အစီအစဉ်မျိုးစုံဖြင့် ၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့အထိ (မတ်လ ၇ ရက်မှ ၁၃ ရက်အထိ)ခုနှစ်ရက်တိုင်တိုင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ တောင်ဘက်ရှိ တပေါင်းကွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**

## မြစ်သားမြို့နယ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံ၊ ဘောလုံးပြိုင်ပွဲအတွက် ဘောလုံးအားကစားသမားကောင်းများ၊ ရွေးချယ်နိုင်ရေးအတွက် နေ့စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိ

**မြစ်သား မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် အသက်(၁၈)နှစ်အောက် လူငယ်ဘောလုံးအားကစားသမားများအား မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲတွင် အားကစားသမားကောင်းများ ရွေးချယ်နိုင်ရေးအတွက် မြို့နယ်ဘောလုံးအားကစားကွင်းတွင် နေ့စဉ်လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။

ဘောလုံးအားကစား တိုးတက်အောင်မြင်ရေးအတွက် ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၏ အဓိကကျသည့် အခြေခံအချက်များဖြစ်သည့် ဘောလုံးကန်နည်းအခြေခံကျွမ်းကျင်မှု၊ ဘောလုံးပိုင်ဆိုင်မှုစွမ်းရည်၊ အသင်း၏စည်းလုံးညီညွတ်မှု၊ ဂိုးသွင်းမှုစွမ်းရည်စသည်များကို ပြိုင်ပွဲဝင်အားကစားသမားတစ်ဦးချင်း သိရှိနားလည်ပြီး အောင်မြင်သည့် ဘောလုံးအသင်းဖွဲ့စည်းနိုင်ရေးအတွက် မြစ်သားမြို့နယ်မှ လူငယ်ဘောလုံးအားကစားသမားများအား နံနက်



၇:၀၀ နာရီမှ ၁၀:၃၀ နာရီနှင့် ညနေ ၃:၃၀နာရီမှ ၆:၀၀နာရီ တစ်ရက် (၂)ကြိမ် နေ့စဉ်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်း အင်္ဂမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်



**မန္တ မတ် ၇**

မန္တလေးမြို့ ကူးသန်းရောင်းဝယ်ရေး ပညာသင်ကျောင်း၏ အင်္ဂမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ၇၇ လမ်း၊ လမ်း ၃၀နှင့် ၃၁ လမ်းကြား၊ ရွှေဘုံသာမြတ်စွာဘုရား ဓမ္မာရုံတွင် ကျင်းပသွားမည်ဖြစ်သည်။

အာစရိယပူဇော်ကန်တော့ခြင်းကို မန္တလေးမြို့ပေါ်ရှိ ဆရာကြီး၊ ဆရာမကြီးများအား ကိုယ်တိုင်ကန်တော့ပြီး အခြားမြို့များရှိ ဆရာကြီး၊ ဆရာမကြီးများအား K Pay၊ Wave Pay တို့ဖြင့် ကန်တော့သွားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဦးဉာဏ်တင် ဖုန်း ၀၉-၄၄၀၄၆၅၉၄၉၊ ဦးအုန်းမောင် ဖုန်း ၀၉-၂၅၇၆၇၃၁၁၂၊ ဦးမောင်မောင်ကျော် ဖုန်း ၀၉-၇၉၁၆၅၆၆၃၂၊ ဒေါ်ခင်နှင်းဦး ဖုန်း ၀၉-၂၅၀၁၃၄၆၈၁၊ ဒေါ်ခင်မေလတ် ဖုန်း ၀၉-၇၅၀၁၃၉၈၄၉ နှင့် ဦးအောင်ခင် ဖုန်း ၀၉-၂၅၆၁၁၆၅၀၀ သို့ ဆက်သွယ်ကာ ကန်တော့ငွေများ ထည့်ဝင်နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုမည့်နေရာသို့ ရောက်ရှိရာ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက ကြိုဆိုနှုတ်ဆက်ပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။ ထိုအချိန်တွင် ဂုဏ်ပြုစစ်တီးဝိုင်းတပ်ဖွဲ့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သီချင်းနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတော်သီချင်းတို့အား တီးမှုတ်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးသည်။ ထို့နောက် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တို့သည် အခမ်းအနားသို့ တက်ရောက်လာကြသည့် နှစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများအား အပြန်အလှန် မိတ်ဆက်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် ဂုဏ်ပြုတပ်ဖွဲ့၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ တို့သည် သီးသန့်တွေ့ဆုံဆွေးနွေးသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာ ဘယ်လာရုစ်နိုင်ငံသမ္မတက ယခုကဲ့သို့ တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမှတစ်ဆင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက် ဖွံ့ဖြိုးလာမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ သဘောတူညီချက်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်မှ တစ်ဆင့် လုပ်ငန်းများ အောင်မြင်မှုရှိစေရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက် ပူးပေါင်း ဆောင်ရွက်မှုများ ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ယခုကဲ့သို့ မိမိတို့နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်သည့် အတွက်လည်း ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ခဲ့သည်မှာ ယခုအခါ ဒုတိယအကြိမ် လာရောက်ခြင်း ဖြစ်ပါကြောင်း၊ ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း မျက်မြင်တွေ့မြင်ရပါကြောင်း၊ မိမိအား ယခုကဲ့သို့ နိုင်ငံတော်အဆင့် ဂုဏ်ပြုကြိုဆိုမှု အတွက်လည်း ကျေးဇူးတင်ရှိ ပါကြောင်း၊ အဆွေတော်အနေဖြင့် ပြီးခဲ့သည့် ရွေးကောက်ပွဲ ကာလအတွင်း အနိုင်ရရှိခဲ့မှု အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူ ပါကြောင်း၊ မိမိအနေဖြင့် ယခင်လာရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းမှုများနှင့် တိုးတက်မှုများကို တွေ့ရှိခဲ့ရပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ဘယ်လာရုစ်နိုင်ငံနှင့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြားတွင် နှစ်နိုင်ငံအတွက် အကျိုးဖြစ်ထွန်းမှုများရှိနိုင်မည် ဖြစ်ပါကြောင်း၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေး ဖိုရမ်ကိုလည်း အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း၊ မိမိဦးဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ဘယ်လာရုစ်နိုင်ငံသို့ နိုင်ငံတော်အဆင့် (Official State Visit) ချစ်ကြည်ရေး ခရီးစဉ်အဖြစ် ဖိတ်ကြားခဲ့မှု အပေါ်တွင်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

ယင်းနောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုအားကစားစသည့် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာအားကောင်းလာမည့် အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတက အလုပ်သဘော နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ နေ့လည်စာသုံးဆောင်နေစဉ်အတွင်း ဘယ်လာရုစ်နိုင်ငံ သံစုံတီးဝိုင်းက နှစ်နိုင်ငံ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko က ဘယ်လာရုစ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။



မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပစဉ်။

# မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံပွဲကျင်းပ

နေပြည်တော် မတ် ၇

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ နိုင်ငံတော်အဆင့် တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ သမ္မတနန်းတော် အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ တက်ရောက်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ချစ်ကြည်ရေးအဖွဲ့ဝင်များအဖြစ် လိုက်ပါသွားသည့် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတနှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံ အလှမ်းကွာဝေးသော်လည်း သံတမန်ဆက်ဆံရေးနှင့် ကာကွယ်ရေးပိုင်းဆိုင်ရာ ဆက်ဆံရေးများရှိသည့် နိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည့် အခြေအနေများ၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားနားလည်မှုစာချွန်လွှာများရေးထိုးမည့် အခြေအနေများ၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပနိုင်မှုအခြေအနေများ၊ နို့ထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြားကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

စာမျက်နှာ ၅ သို့ ★

**နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်း၊ လယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ခြင်းလုပ်ငန်းနှင့် အခြားကဏ္ဍပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းရင်းနှီးနှီးဆွေးနွေး**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံ ပူးတွဲကြေညာချက်များကို အပြန်အလှန်ပြောကြားကြစဉ်။

ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးတို့ နှစ်နိုင်ငံအစိုးရများအကြား ပူးပေါင်း ဆောင်ရွက်ရေး နားလည်မှု စာချွန်လွှာများကို လဲလှယ်ကြစဉ်။



★ စာမျက်နှာ ၄ မှ

ယင်းနောက် နှစ်နိုင်ငံအစိုးရ နှစ်ရပ်အကြား သဘောတူညီချက်များနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး လဲလှယ်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပပြုလုပ်ရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးတို့က နှစ်နိုင်ငံအကြား အစိုးရများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စာချွန်လွှာများ၊အားကစားကဏ္ဍ၊ခရီးသွားကဏ္ဍဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေးနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာများကိုလဲလှယ်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတတို့သည် မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များကို အပြန်အလှန် ပြောကြားကြသည်။ **(နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားမှုများကို စာမျက်နှာ ၆ ၊ ၇ တွင် ဖော်ပြထားပါသည်။)**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ကို ချီးမြှင့်အပ်နှင်းသည်။

မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံ တွေ့ဆုံပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ချစ်ကြည်ရေးခရီးစဉ်တွင် လိုက်ပါသွားသည့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက မီဒီယာ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ H.E. Mr. Alexander Gregoryevich Lukashenko အား အဂ္ဂမဟာသရေစည်သူဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် မတ် ၇

ဘယ်လာရုစ်သမ္မတ နိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko နှင့် မင့်စ်မြို့ရှိ အမျိုးသားလွှတ်တော်၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လွှတ်တော် ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko တို့ တွေ့ဆုံဆွေးနွေးစဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ နှစ်နိုင်ငံ လွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံတွင် လွှတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဘယ်လာရုစ်နိုင်ငံ၏ အထွေထွေရွေးကောက်ပွဲတွင် မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်လေ့လာခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် ဘယ်လာရုစ်နိုင်ငံမှ လေ့လာစောင့်ကြည့်ရေးအဖွဲ့များစေလွှတ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံလွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



**လှည့်လည်ကြည့်ရှုလေ့လာ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားလွှတ်တော်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ ဘယ်လာရုစ်နိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Igor Petrovich Sergeenko က လိုက်လံရှင်းလင်းပြသစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအပြန်အလှန်ပူးတွဲကြေညာချက်များနှင့် ပြောကြားချက်များ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ H.E. Mr. Alexander Gregoryevich Lukashenko တို့ မီဒီယာများအား နှစ်နိုင်ငံပူးတွဲကြေညာချက်များ အပြန်အလှန်ပြောကြားစဉ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ**
**H.E. Mr. Alexander Gregoryevich Lukashenko**

လေးစားအပ်ပါသောအဆွေတော် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တက်ရောက်လာကြသော ဧည့်သည်တော်များခင်ဗျာ၊ ကျွန်တော်ဒီနေ့နှစ်နိုင်ငံတွေ့ဆုံမှုနဲ့ ပတ်သက်ပြီးတော့ စီးပွားရေးအခန်းကဏ္ဍ၊ အခြားကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ များစွာဆွေးနွေးခဲ့တာဖြစ်ပါတယ်။ ဒီနေ့တွေ့ဆုံပွဲမှာဆိုရင်တော့ ကျွန်တော်တို့ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို တိတိကျကျဆွေးနွေးခဲ့တာရှိပါတယ်။ လူသားချင်းစာနာ ထောက်ထားရေးဆိုင်ရာအခန်းကဏ္ဍရပ်များနဲ့ ပတ်သက်လို့လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအခန်းကဏ္ဍများနဲ့ ပတ်သက်လို့လည်း ဆွေးနွေးခဲ့တာရှိပါတယ်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်တွေကို အောင်အောင်မြင်မြင်လုပ်နိုင်ဖို့အတွက် ဒီနေ့နှစ်နိုင်ငံကျွန်တော်တို့ မဟာဗျူဟာကျကျ အစီအစဉ်ရေးဆွဲဖို့လည်း သဘောတူညီမှုရခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံမှာထွက်ရှိတဲ့ စားသောက်ကုန်လုပ်ငန်းတွေက ကမ္ဘာမှာ စားနပ်ရိက္ခာဖူလုံရေးနဲ့ပတ်သက်ပြီးတော့ အထောက်အကူပြုနိုင်ဖို့အတွက် ကျွန်တော်တို့ဘက်ကလည်း နည်းပညာနဲ့ ပတ်သက်ပြီး ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေမှာစိုက်ပျိုးရေးအခန်းကဏ္ဍ၊ ဆေးဝါးအခန်းကဏ္ဍနဲ့ စားနပ်ရိက္ခာထုတ်လုပ်ရေးအခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ မနေ့က Business Forum မှာ အဆိုပါကိစ္စရပ်နဲ့ အဆိုပါ အခန်းကဏ္ဍတွေနဲ့ပတ်သက်ပြီးတော့လည်း နှစ်နိုင်ငံ နှစ်ဦးနှစ်ဖက်တာဝန်ရှိသူတွေကလည်း တိတိကျကျ ဆွေးနွေးပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးမှုတွေနဲ့ ပတ်သက်လို့ ဒီကဏ္ဍတွေနဲ့ပတ်သက်လို့လည်း ဘယ်လာရုစ်နိုင်ငံမှာ နည်းပညာနဲ့ပတ်သက်ပြီး မြင့်မားတဲ့ နည်းပညာတွေလည်းရှိပါတယ်။ ဒီနှစ်အတွင်းမှာ ကျွန်တော်တို့နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ ကော်မရှင်ကိုလည်း ပြန်လည်ပြီးတော့ အစည်းအဝေးလုပ်နိုင်ဖို့လည်း ကျင်းပသွားမှာဖြစ်ပါတယ်။ နှစ်နိုင်ငံသိပ္ပံနဲ့နည်းပညာ အခန်းကဏ္ဍတွေနဲ့ ပတ်သက်လို့လည်း ကော်မတီဖွဲ့ပြီးတော့ ဆောင်ရွက်သွားဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံနဲ့ ဘယ်လာရုစ်နိုင်ငံ နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းတွေကို မြှင့်တင်ဖို့အတွက် မြန်မာနိုင်ငံကကျောင်းသားတွေ လာရောက်ပညာသင်ကြားတဲ့အချိန်မှာ အစစအရာရာအစဉ်ပြေဖို့ ဘယ်လာရုစ်နိုင်ငံကလည်း အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ယခုနှစ်မှာ မြန်မာနိုင်ငံကနေပြီးတော့ ပထမဆုံး ကလေးသူငယ်တွေပါဝင်တဲ့ Group တစ်ခုကို ဘယ်လာရုစ်နိုင်ငံ ဆူးပရှုးနေ့ အပန်းဖြေစခန်းကိုလာရောက်ဖို့အတွက်လည်း ဖိတ်ခေါ်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ မကြာမီအချိန်အတွင်းမှာ ဘယ်လာရုစ်နိုင်ငံကဝန်ကြီးများ၊ တာဝန်ရှိတဲ့ အဆင့်မြင့်ပုဂ္ဂိုလ်တွေက မြန်မာနိုင်ငံကိုသွားရောက်မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကနေပြီးတော့လည်း ကျွန်တော်တို့ Specialists တွေ၊ သက်ဆိုင်ရာတာဝန်ရှိသူတွေက ဘယ်လာရုစ်နိုင်ငံကိုလာရောက်မှာဖြစ်ပါတယ်။ ဒီလိုမျိုးခရီးစဉ်တွေ အပြန်အလှန်သွားရောက်ပြီးတော့ တစ်နိုင်ငံလုံးမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ရနိုင်တဲ့အခွင့်အလမ်းတွေကို လေ့လာပြီးအကောင်အထည်ဖော်ဆောင်ရွက်မှာဖြစ်ပါတယ်။ သိပ်မကြာခင်မှာ ကျွန်တော်နဲ့အဆွေတော်ဝန်ကြီးချုပ်နဲ့ နှစ်ယောက်တည်း ထိုင်တဲ့အချိန်မှာလည်းကျွန်တော်တို့ဆွေးနွေးခဲ့တဲ့ အချက်တွေရှိပါတယ်။ ကျွန်တော်မြင်တာကတော့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့အနေနဲ့ ပိတ်ပင်တားဆီးထားတဲ့ ဒီအချက်တွေမရှိပါဘူး။ အားလုံးက အမြဲတမ်းနှစ်ဦးနှစ်ဖက်လုံး တံခါးဖွင့်ပြီးတော့ ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီးနဲ့ စီးပွားရေးအခန်းကဏ္ဍကို အကောင်းဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့လည်းမျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘယ်လာရုစ်နိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေနဲ့ပတ်သက်ပြီးတော့ ယခုဒီနေ့ဆွေးနွေးမှုမှာ ဆွေးနွေးခဲ့တဲ့ အချက်အလက်တွေ အများကြီးရှိသလို မနေ့က Business ဖိုရမ်မှာလည်း ဆွေးနွေးခဲ့တဲ့အချက်အလက်တွေလည်းရှိပါတယ်။ ဒီအချက်အလက်တွေနဲ့ ပတ်သက်ပြီးတော့ပူးပေါင်းဆောင်ရွက်ရေးနဲ့ပတ်သက်ပြီးတော့ နားလည်မှုစာချွန်လွှာတွေ၊ စာချုပ်တွေကိုလည်း အမြန်ဆုံးချုပ်ဆိုနိုင်ဖို့အတွက် အမြန်ဆုံးကြိုးစားသွားမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော့်ရဲ့မိတ်ဆွေ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို ယခုခရီးစဉ်မှာ ပွင့်ပွင့်လင်းလင်းနဲ့ ဆွေးနွေးသွားတဲ့အတွက်ရော စိတ်ဆန္ဒရှိတဲ့အတိုင်း အားလုံးကို ပွင့်ပွင့်လင်းလင်းပြောသွားတဲ့အတွက်လည်း ကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ ကျွန်တော့်အနေနဲ့ အဆွေတော်ကို ထပ်လောင်းကျေးဇူးတင်ကြောင်းပြောကြားလိုပါတယ်။ အဲဒါကတော့ကျွန်တော့်ကို မြန်မာနိုင်ငံကိုဖိတ်ခေါ်တဲ့အတွက်ကျေးဇူးတင်ပါတယ်။ မကြာမီအချိန်အတွင်းမှာ အဆွေတော်နဲ့ကျွန်တော် အဆွေတော်ရဲ့နိုင်ငံမှာ တွေ့ဆုံနိုင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နှစ်ဦးနှစ်ဖက်ကဒီလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ အကောင်းဆုံးနဲ့ ပံ့ပိုးမယ်ဆိုလို့ရှိရင် နှစ်ဦးနှစ်ဖက်အကျိုးရှိတဲ့ လုပ်ငန်းတွေကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး ဒီနေ့တွေ့ဆုံပွဲမှာ အချိန်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း အမြဲတမ်းအဆွေတော်ကို ဝမ်းပန်းတသာ ကြိုဆိုနေကြောင်းလည်း ပြောကြားလိုပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**
**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး**
**မင်းအောင်လှိုင်**

ဒီအခမ်းအနားကို ကြွရောက်လာကြတဲ့ ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတကြီး H.E. Mr. Alexander Gregoryevich Lukashenko နဲ့ နှစ်ဖက်ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မီဒီယာအဖွဲ့ဝင်များ အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ပါတယ်။ သမ္မတကြီးနဲ့ အစိုးရအဖွဲ့ဝင်တွေကိုလည်း ကျွန်တော့်ရဲ့ ဒုတိယခရီးစဉ်မှာ ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခွင့်ရခဲ့ပါတယ်။ ဒီအတွက်လည်း အောင်မြင်တဲ့ခရီးစဉ်တစ်ခုဖြစ်ကြောင်းပြောလိုပါတယ်။ ဒီလို ဘယ်လာရုစ်-မြန်မာချစ်ကြည်ရေး ပိုမိုတိုးတက်ခိုင်မာစေဖို့၊ ပူးပေါင်းဆောင်ရွက်မှုအားကောင်းစေဖို့၊ အထူးအားပေးဆောင်ရွက်ခဲ့တဲ့ အဆွေတော်သမ္မတကြီးနဲ့ တာဝန်ရှိသူများ၊ ဘယ်လာရုစ်ပြည်သူများ၊ ပြည်သားများအားလုံး ယခုထက်ပိုမိုအင်အားတောင့်တင်း ခေတ်မီဖွံ့ဖြိုးတိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ဒီနေ့နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးမှုမှာ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့တဲ့အတိုင်းပဲ နှစ်နိုင်ငံ စီးပွားရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ပညာရေး၊ သိပ္ပံနဲ့နည်းပညာ၊ ယဉ်ကျေးမှု၊ ကာကွယ်ရေးစတဲ့ ကဏ္ဍပေါင်းစုံ ဆက်ဆံရေးကိုလည်း ဆက်လက်မြှင့်တင်ဆောင်ရွက်သွားပါမယ်။ အစိုးရအချင်းချင်း ဆက်ဆံရေးသာမက ပြည်သူချင်းဆက်ဆံရေးကိုလည်း တိုးချဲ့ဆောင်ရွက်သွားပါမယ်။ ဒီနှစ်နိုင်ငံနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုတွေကိုဆောင်ရွက်နိုင်ဖို့အတွက် အစိုးရတာဝန်ရှိသူတွေသာမက တက်ရောက်နေကြတဲ့ မီဒီယာတွေရဲ့ကဏ္ဍကလည်း အရေးကြီးပါတယ်။ ဒါကြောင့် ဒါကိုလည်း ပူးပေါင်းဆောင်ရွက်ပေးဖို့မေတ္တာရပ်ခံလိုပါတယ်။

စာမျက်နှာ ၇ သို့ ○

> ❝ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့ စီစဉ်ထားကြောင်းပြောလိုပါတယ်။ ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနဲ့ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ် ❞

○ စာမျက်နှာ ၆ မှ

ကျွန်တော်တို့နိုင်ငံဟာ အရှေ့တောင်အာရှထဲမှာ ကုန်းတွင်းနိုင်ငံထဲမှာ အကြီးဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံကြီး နှစ်နိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံကြားမှာ ဆက်စပ်ပြီးတည်ရှိနေတဲ့ နိုင်ငံဖြစ်သလို အရှေ့တောင်အာရှနဲ့ တောင်အာရှအကြားမှာလည်း ပေါင်းကူးတံတားသဖွယ်ရှိနေတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ လမ်းပန်းဆက်သွယ်ရေးအတွက် ကောင်းမွန်တဲ့ ရေ၊ မြေ၊ ရာသီဥတုကိုပိုင်ဆိုင်ထားတဲ့နိုင်ငံလည်းဖြစ်ပါတယ်။ ကမ္ဘာမှာဆန်တင်ပို့မှု အမိကတင်ပို့တဲ့ ထိပ်တန်းနိုင်ငံအထဲမှာပါသလို ကမ္ဘာမှာ ပဲတင်ပို့မှုမှာ ဒုတိယအမြင့်ဆုံးနိုင်ငံတစ်ခု ဖြစ်ပါတယ်။ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းလုပ်ဖို့လည်း မြေပမာဏများစွာကျယ်ဝန်းတဲ့ နိုင်ငံဖြစ်တဲ့အတွက်ကြောင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးနဲ့ လုံခြုံရေးအတွက် ပံ့ပိုးနိုင်တဲ့နိုင်ငံဖြစ်အောင် ကြိုးစားဆောင်ရွက်နေပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံရဲ့ ခေတ်မီတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ နည်းစနစ်တွေ၊ ယန္တရားတွေ၊ အထောက်အကူပြုစနစ်တွေနဲ့ လက်တွေ့ပေါင်းစပ်ကျင့်သုံးသွားမယ်ဆိုရင် မြန်မာနိုင်ငံအတွက် သာမက နှစ်ဖက်စလုံးမှာ အကျိုးရှိတဲ့ရလဒ်တွေ ခံစားရမယ်လို့ ကျွန်တော် အပြည့်အဝယုံကြည်ပါတယ်။ မိုင်ပေါင်း ၁၃၀၀ ကျော်လောက်ရှည်တဲ့ ပင်လယ်ကမ်းရိုးတန်း တစ်လျှောက်မှာလည်း အဓိကကျတဲ့ ရေနက်ဆိပ်ကမ်းတွေလည်း ကျွန်တော်တို့ရှိပါတယ်။ အထူးသဖြင့် ထားဝယ်၊ သီလဝါနဲ့ ကျောက်ဖြူ ရေနက်ဆိပ်ကမ်းသုံးခုတို့မှာလည်း ရင်းနှီးမြှုပ်နှံဖို့အတွက် အခွင့်အလမ်းကောင်းတွေရှိတဲ့အကြောင်း ပြောလိုပါတယ်။ ဒါကြောင့် ဘယ်လာရုစ်နိုင်ငံက နယ်ပယ်ကဏ္ဍစုံနဲ့ မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်ပါကြောင်းပြောလိုပါတယ်။ ကျွန်တော်တို့ နှစ်နိုင်ငံဟာ နိုင်ငံချင်းဆက်ဆံရေးသာမကဘဲ နိုင်ငံတကာမျက်နှာစာမှာလည်း ပူးပေါင်းဆောင်ရွက်မှုတွေတိုးချဲ့ဆောင်ရွက်သွားပါမယ်။ နိုင်ငံတကာ မျက်နှာစာမှာ ဘယ်လာရုစ်နိုင်ငံ၊ ဘယ်လာရုစ်ပြည်သူတွေက ကျွန်တော်တို့နိုင်ငံအပေါ်မှာလည်း ရပ်တည်ပေးတဲ့အတွက်ကြောင့် ကျေးဇူးတင်ရှိကြောင်း ပြောလိုပါတယ်။ ကျွန်တော်တို့ဟာ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုဖြစ်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ နိုင်ငံတော်ကို အရေးပေါ်ကြေညာပြီး ခေတ္တတာဝန်ယူထားတာဖြစ်ပါတယ်။ ဒါ့ကြောင့် မကြာခင်မှာလည်း ဥပဒေနဲ့အညီ ရွေးကောက်ပွဲကျင်းပသွားဖို့ရှိပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (သို့မဟုတ်) ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ အစောဆုံးကျင်းပသွားဖို့ စီစဉ်ထားကြောင်းပြောလိုပါတယ်။ ရွေးကောက်ပွဲဝင်ဖို့အတွက်လည်း ပါတီပေါင်း ၅၃ ခုက စာရင်းပေးသွင်းထားပြီး ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပမှုနဲ့ပတ်သက်ပြီး ဘယ်လာရုစ်နိုင်ငံရဲ့ လေ့လာရေးအဖွဲ့များကိုလည်း လာရောက်ကြည့်ရှုနိုင်ဖို့အတွက် ဖိတ်ကြားလိုပါတယ်။ ဒီမှာ တစ်ဆက်တည်းမှာပဲ အဆွေတော်သမ္မတကြီးရဲ့ ဘယ်လာရုစ်နိုင်ငံအပေါ်မှာ အစစအရာရာဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးနိုင်မှုများအတွက်လည်း အထူးပဲဂုဏ်ပြုကြောင်း ပြောလိုပါတယ်။ အဆွေတော်ရဲ့ဦးဆောင်မှုနဲ့ ဘယ်လာရုစ်နိုင်ငံဟာ ကမ္ဘာ့ထိပ်တန်း နိုင်ငံတစ်ခုဖြစ်မယ်လို့လည်း ကျွန်တော်ယုံကြည်ထားပါတယ်။ အဆွေတော်သမ္မတကြီးကို မြန်မာနိုင်ငံမှာလည်း ထပ်မံတွေ့ဆုံဖို့လည်း ကျွန်တော် အပြည့်အဝမျှော်လင့်ထားပါတယ်။ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်အားလုံး ခိုင်ခိုင်မာမာနဲ့ ပြည့်ပြည့်စုံစုံအောင်မြင်တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဘယ်လာရုစ်သမ္မတနိုင်ငံသမ္မတ**

**H.E. Mr. Alexander Gregoryevich Lukashenko**

ကျွန်တော့်အနေနဲ့ အခုလိုမျိုးဖိတ်ကြားတဲ့ အတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံကိုလည်း လာရောက်မှာဖြစ်ပါတယ်။ အဆွေတော် အဆိုပြုသွားတဲ့ အတိုင်းပဲ ရွေးကောက်ပွဲမှာလည်း လေ့လာရေး စောင့်ကြည့်သူတွေကို ကျွန်တော်တို့ လွှတ်ပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တစ်ခုလေး အကြံပြုလိုတာကတော့ အဆွေတော်ကို အကြံပြုစရာလေးတစ်ခု ရှိပါတယ်။ အဲဒါကတော့ အဆွေတော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ မိမိနိုင်ငံသားတွေ အတွက် အဆွေတော်အနေနဲ့ ကောင်းမယ်ထင်တဲ့ အရာဆိုရင် အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် ကျွန်တော် အကြံပြုလိုပါတယ်။ အဆွေတော်အနေနဲ့ အကောင်အထည်ဖော်တဲ့အချိန်မှာ တချို့လူတွေကတော့ မကြိုက်တဲ့ လူတွေကတော့ ရှိကောင်းရှိမှာပါ။ Sanctions တွေလည်းဖြစ်ကောင်းဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့မှာရော အဆွေတော်မှာရောရှိနေတဲ့ Sanctions တွေကလည်း ထပ်ပြီးတော့ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ကျွန်တော့်အနေနဲ့ Sanctions ဆိုတာက အခွင့်အလမ်းကောင်းလို့ ကျွန်တော်သတ်မှတ်ပါတယ်။ ဒီလိုမျိုး Sanctions ချထားတဲ့အချိန်မှာ အခွင့်အလမ်းကောင်းလို့ သတ်မှတ်တဲ့အတွက် ကျွန်တော်တို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းတွေကို ပိုမိုဆောင်ရွက်ပြီးတော့ ပိုမိုစည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်မယ်ဆိုရင်တော့ အကောင်းဆုံး အကောင်အထည်ဖော်နိုင်မှာပါ။ ကျေးဇူးအများကြီးတင်ပါတယ်။ အခုလိုမျိုး ဘယ်လာရုစ်နိုင်ငံကို လာရောက်တဲ့အတွက်ကျေးဇူးတင်ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ**

**နိုင်ငံတော်ဝန်ကြီးချုပ်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**

Sanctions လုပ်တယ်ဆိုလို့ရှိရင် Sanctions လို့ခေါ်တဲ့အဖွဲ့အစည်းတွေ ဆန့်ကျင်ဘက်အဖွဲ့အစည်းတွေက အတိုက်အခိုက်ခံရတဲ့ software တွေက အင်အားစုစည်းမှုကို ပိုမိုရရှိစေပြီးတော့မှ ပြိုင်ဆိုင်မှုတွေကို ပြင်းထန်လာစေမယ်ဆိုတာကိုလည်း သတိပြုစေလိုပါတယ်။ သူတို့ဖြစ်တဲ့အရာတစ်ခုကို Sanctions လုပ်ပြီးတော့ ဖိအားပေးတယ်ဆိုတာမျိုးက ဘယ်တော့မှအောင်မြင်မှာ မဟုတ်ပါဘူး။ ပဋိပက္ခသာ ပိုမိုကြီးမားလာစေမှာဖြစ်ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ပူးပေါင်းပြီးတော့မှ ကျွန်တော်တို့ ဒါကို ရင်ဆိုင်ကျော်လွှားသွားပါမယ်။ အဆွေတော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့ အဆင်သင့်ရှိကြောင်း ပြောလိုပါတယ်။

■

## အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရှောင်ကြဉ်ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့်အနာဂတ်ကို အတူတကွတည်ဆောက်

### မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်စဉ် (၃/၂၀၂၅)

၁။ အမျိုးသမီးအခွင့်အရေးများကို အသိအမှတ်ပြုသည့်အနေဖြင့် ၁၉၇၅ ခုနှစ်တွင် ကုလသမဂ္ဂက အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အဖြစ် မတ်လ ၈ ရက်နေ့ကို သတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်း၌ နှစ်စဉ် မတ်လ ၈ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားများ ကျင်းပခဲ့ရာ ယခုနှစ် ၂၀၂၅ ခုနှစ်တွင် နှစ် ၅၀ တိုင်ခဲ့ပြီဖြစ်ပါသည်။ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့၏ဆောင်ပုဒ်မှာ **“For ALL women and girls: Rights. Equality. Empowerment.”** ဖြစ်ပြီး အမျိုးသမီးများနှင့် မိန်းကလေးများ၏အခွင့်အရေး၊ တန်းတူညီမျှရေးနှင့် ပါဝင်ဦးဆောင်မှုတို့ မြှင့်တင်နိုင်ရေးကို ရည်ညွှန်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံသည် အမျိုးသမီးများအခွင့်အရေးကို လူ့အခွင့်အရေးအဖြစ် အသိအမှတ်ပြုခဲ့သော ဘေဂျင်းကြေညာစာတမ်းနှင့် လုပ်ငန်းစီမံချက် (Beijing Declaration and Platform for Action – BPFA) ကို တရုတ်နိုင်ငံ၊ ဘေဂျင်းမြို့၌ ၁၉၉၅ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာလုံးဆိုင်ရာအမျိုးသမီးညီလာခံ၌ ကမ္ဘာ့နိုင်ငံ ၁၈၈ နိုင်ငံနှင့်အတူ ပါဝင်အတည်ပြုခဲ့ပါသည်။ ထို့ပြင် ၁၉၉၇ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးစာချုပ်တစ်ခုဖြစ်သော အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်(CEDAW) အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခဲ့ပြီး အမျိုးသမီးများ၏အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းပေးလျက်ရှိရာတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာ လှုပ်ရှားမှုများဆောင်ရွက်ခြင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအပေါ် စွမ်းဆောင်မှုဆိုင်ရာဆုများ ချီးမြှင့်ခြင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့် မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပဋိပက္ခအတွင်း အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးခြင်း၊ ဥပဒေဆိုင်ရာကာကွယ်မှုပေးခြင်း၊ စီးပွားရေးဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ ပညာရေးမြှင့်တင်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းစသည့် ဆောင်ရွက်ပေးနေမှုများကို လူ့အခွင့်အရေးရှုထောင့်မှ အသိအမှတ်ပြုကြိုဆိုအပ်ပါသည်။

၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးမြှင့်တင်ရေးကဏ္ဍများ ဖော်ဆောင်ရာတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများအပါအဝင် အမျိုးသမီးနှင့် မိန်းကလေးများ၏အခွင့်အရေးများနှင့် လူမှုအသိုက်အဝန်းများက လိုက်နာဆောင်ရွက်သင့်သည်များကို အများပြည်သူသို့ အသိပညာပေးလျက်ရှိပါသည်။ ထို့ပြင် အမျိုးသမီးများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ ကော်မရှင်ဥပဒေနှင့်အညီ တိုင်တန်းချက်များ စိစစ်ဆောင်ရွက်ခြင်း၊ အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်း၊ ဘိုးဘွားရိပ်သာ၊ အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း၊ အမျိုးသမီးကလေးများသင်တန်းကျောင်း၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေးဌာနများသို့ သွားရောက်စစ်ဆေးပြီး တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာဌာနများသို့ပေးပို့၍ အခွင့်အရေးများရရှိစေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

၄။ ၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဆောင်ပုဒ်၏ ရည်ညွှန်းချက်ပြည့်မြောက်စေရန် အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် အကြမ်းဖက်ခြင်းများကို ရှောင်ကြဉ်၍ ယင်းတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးလျက် ကျား၊ မတန်းတူညီမျှမှုကို မြှင့်တင်ပေးခြင်းဖြင့် ကောင်းမွန်သည့်အနာဂတ်ကို အတူတကွတည်ဆောက်နိုင်မည်ဖြစ်ပါကြောင်း မတ်လ ၈ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက် တိုက်တွန်းဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ မတ်လ ၈ ရက်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် တွေ့ဆုံဆွေးနွေး


**နေပြည်တော် မတ် ၇**

ဘယ်လာရုစ်သမ္မတ နိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko နှင့် ယနေ့ ဒေသစံတော်ချိန် ညနေပိုင်းတွင် ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်ရုံးသို့ရောက်ရှိရာ ဘယ်လာရုစ်နိုင်ငံဝန်ကြီးချုပ်က ကြိုဆိုနှုတ်ဆက်သည်။

ယင်းနောက်တွေ့ဆုံပွဲကိုကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးတို့တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဘယ်လာရုစ်နိုင်ငံသို့ လာရောက်သည့် ချစ်ကြည်ရေးခရီးစဉ်သည် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု များကို များစွာမြှင့်တင်ပေးနိုင်မှု အခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အောင်မြင်စွာကျင်းပနိုင်ခဲ့မှုနှင့် နှစ်နိုင်ငံအကြား နားလည်မှု စာချွန်လွှာများ လက်မှတ် ရေးထိုးနိုင်ခဲ့သည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှထွက်ရှိသည့် ဆန်အပါအဝင် အခြားစက်မှုကုန်ကြမ်း သီးနှံများအား ဘယ်လာရုစ်နိုင်ငံသို့ တင်ပို့နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့် မြန်မာနိုင်ငံနှင့် ခေတ်မီစိုက်ပျိုး မွေးမြူရေးနည်းပညာများ ပိုင်ဆိုင်ထားသည့် ဘယ်လာရုစ်နိုင်ငံတို့ အကြား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံအကျိုး ဖြစ်ထွန်းစေမည့် ကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများတွင် နည်းပညာများဖလှယ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လျှပ်စစ်စွမ်းအင်သုံးမော်တော်ယာဉ်များ ထုတ်လုပ်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် အခြားနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Roman Alexandrovich Golovchenko တို့ ဝန်ကြီးချုပ်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးစဉ်။

# အများပြည်သူအတွက် မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးအကြံပြုခြင်းလုပ်ငန်းများဆောင်ရွက်

**ညောင်ဦး မတ် ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ စားသောက်ဆိုင်များ၊ လူနေအိမ်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တစ်အိမ်တက်ဆင်း လှည့်လည်စစ်ဆေးအကြံပြုခြင်းလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီက လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်းကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် ညောင်ဦးခရိုင် မီးသတ်စခန်းမှူးစီးအရာရှိ ဦးကျော်နိုင်လင်းနှင့် ခရိုင်/မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက ညောင်ဦးမြို့ အမှတ်(၄)ရပ် ကွက်ရှိ လူနေအိမ်များနှင့် F I T လမ်းရှိ Zay Bar & B B Q စားသောက်ဆိုင်တို့အား မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဒီပါလင်း**



# မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် ကျင်းပ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၇

မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အား မတ် ၆ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါ မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ် အခမ်းအနားသို့ ကောင်စီတွဲဖက် အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် အဆင့်မြင့်အရာရှိကြီးများ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အဖွဲ့ဝင်များ၊ ဘယ်လာရုစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အားလုံးသိကြသည့်အတိုင်း မိမိတို့သည် မိတ်ဖက်နိုင်ငံများနှင့် ဆက်ဆံရေးကို သံတမန်လမ်းကြောင်းမှနေ၍ အစပြုခဲ့ပြီး စိန်ခေါ်မှုအမျိုးမျိုးကို လက်တွဲပူးပေါင်းကာ အတူတကွကျော်လွှားခဲ့ကြခြင်းဖြစ်ကြောင်း၊ ဘယ်လာရုစ်နိုင်ငံနှင့်လည်း သံတမန်ဆက်ဆံရေးကို ၁၉၉၉ ခုနှစ်တွင် စတင်ခဲ့ပြီး အပြန်အလှန်ယုံကြည်မှုနှင့် နားလည်မှုကို အခိုင်အမာတည်ဆောက်နိုင်ခဲ့ခြင်းပင် ဖြစ်ကြောင်း။

လက်ရှိတွင်လည်း နှစ်နိုင်ငံအကြား ပြည်သူအချင်းချင်းဆက်ဆံရေး၊ စီးပွားရေးလုပ်ငန်းအချင်းချင်းဆက်ဆံရေး၊ အစိုးရဌာနအချင်းချင်း ဆက်ဆံရေး၊ အစိုးရအချင်းချင်း ဆက်ဆံရေးများကို လက်တွေ့ဖော်ဆောင်ခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုသည် ပိုမိုခိုင်မြဲလာမည်ဖြစ်ကြောင်း၊ အထူးသဖြင့် စီးပွားရေးအရ ပူးပေါင်းဆောင်ရွက်မှုနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆက်နွယ်မှုမှတစ်ဆင့် နှစ်ဦးနှစ်ဖက် ဘုံတူညီသည့် အနာဂတ်ကို လျှောက်လှမ်းရန် စတင်နိုင်ခြင်းပင် ဖြစ်ကြောင်း။

ဦးစွာ ဘယ်လာရုစ်နိုင်ငံဘက်မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်များကို စတင်နိုင်ရန် သဘောတူစာချုပ်မူကြမ်းကို ပြီးခဲ့သည့် ဆယ်စုနှစ်ကျော်က ပေးပို့လာခဲ့သည်ကို မြန်မာနိုင်ငံ၏ စိတ်ပါဝင်စားမှုနှင့်အတူ အကြောင်းပြန်ကြားခဲ့မှုအပေါ် ပြန်လည်အမှတ်ရမိကြောင်း၊ ယခုအချိန်တွင် အဆွေတော်တို့၏ စိတ်ပါဝင်စားမှုနှင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ကို ပြန်လည်အသက်သွင်းနိုင်ရန်အတွက် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကိုလည်း အဆွေတော်တို့ကို သိရှိစေလိုကြောင်း။

လက်ရှိတွင် နှစ်နိုင်ငံအကြား ပူးတွဲကော်မရှင် ဖွဲ့စည်းပြီး ပူးပေါင်းဆောင်ရွက်မှုကဏ္ဍများ သတ်မှတ်ဖော်ပြနိုင်ခြင်း မရှိသေးသော်လည်း ယခုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများသည် အတိုင်းအတာတစ်ခုအထိရောက်ရှိလာပြီကို သက်သေပြနိုင်ခြင်းပင်ဖြစ်ကြောင်း၊ အစိုးရအချင်းချင်းအကြား ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် သံတမန်ဆက်ဆံရေးကို အားကောင်းလာစေရေး၊ ကုန်သွယ်မှုကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ တိုးမြှင့်ရေးတို့နှင့်စပ်လျဉ်းပြီး တိုးတက်မှုရှိလာခြင်းကို အထင်အရှားတွေ့မြင်နိုင်ပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့အကြား ပညာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆေးဝါး၊ စက်မှုလက်မှုနှင့် ခရီးသွားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ရေးနှင့် ဘယ်လာရုစ်နိုင်ငံနှင့် သိပ္ပံနှင့် ခေတ်မီပညာများကို လေ့လာနိုင်စေရန်အတွက်လည်း ပညာသင်ကျောင်းသားများအား စေလွှတ်နိုင်ရေးကိစ္စရပ်များအပေါ် ဆွေးနွေးညှိနှိုင်းမှုများကို အစပြုနိုင်ပြီဖြစ်ကြောင်း ကြားသိရသည့် အတွက်လည်း များစွာ ဝမ်းမြောက်ရကြောင်း၊ ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် အလေးထားစဉ်းစားပေးမှုအတွက် များစွာ ကျေးဇူးတင်ရှိကြောင်း ယခုနေရာမှ ပြောကြားလိုကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် ဘယ်လာရုစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် ကြိုးပမ်းအားထုတ်မှု အတွေ့အကြုံများကို ယခုလိုအခမ်းအနားများမှ တစ်ဆင့် အနီးကပ် လေ့လာသိရှိခွင့်ရနိုင်မည်ဖြစ်ကြောင်း။

အထူးသဖြင့် မြန်မာနိုင်ငံအနေဖြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့် ဝင်ငွေများ ပိုမိုရရှိနိုင်ရေး၊ ဆင်းရဲမှုလျှော့ချရေးနှင့် စားနပ်ရိက္ခာ ပိုမိုဖူလုံမှုရှိစေရေးတို့ကို အလေးထားလေ့လာလိုပါကြောင်း၊ အဆွေတော်တို့၏ အတွေ့အကြုံကောင်းများကို မျှဝေခြင်းနှင့်အတူ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကိုပါ တိုးမြှင့်နိုင်မည်ဟု ယုံကြည်ပါကြောင်း။

လက်ရှိအချိန်တွင် နှစ်နိုင်ငံအကြား ကုန်သွယ်မှုများသည် အတိုင်းအတာ တစ်ခုအထိ တိုးတက်လာလျက် ရှိသည်ကို ဂုဏ်ယူစွာပြောကြားလိုကြောင်း၊ အထူးသဖြင့် စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံအတွက် မရှိမဖြစ်လိုအပ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုတွင် ဘယ်လာရုစ်နိုင်ငံက ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ရပ်တည်နေသည်ကို အားလုံးကလည်း သိကြမည်ဖြစ်ကြောင်း။




မြန်မာ-ဘယ်လာရုစ် စီးပွားရေးဖိုရမ်အခမ်းအနား ကျင်းပစဉ်။

စိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ဓာတ်မြေဩဇာတင်သွင်းမှုအပိုင်းကို အဓိကမြှင့်တင်လိုခြင်းပင်ဖြစ်ကြောင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ ဦးစားပေးရင်းနှီးမြှုပ်နှံမှုကဏ္ဍ တစ်ခုဖြစ်သည့် ဓာတ်မြေဩဇာထုတ်လုပ်မှုကဏ္ဍတွင် ဘယ်လာရုစ်နိုင်ငံမှ မိတ်ဖက်စီးပွားရေး လုပ်ငန်းရှင်များကို လာရောက် ရင်းနှီးမြှုပ်နှံနိုင်ရန် အလေးထား ဖိတ်ခေါ်လိုခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ရေမြေသဘာဝ ကောင်းမွန်ခြင်းကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို နိုင်ငံတော်၏အဓိကကုန်ထုတ်လုပ်ငန်းများ အဖြစ် မြှင့်တင်လျက်ရှိကြောင်း၊ ယင်းထုတ်ကုန် လုပ်ငန်းများမှ ထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သတင်းအချက်အလက်နှင့် နည်းပညာပိုင်းတွင် ရှေ့တန်းကို ရောက်ရှိနေပြီဖြစ်သည့် ဘယ်လာရုစ်နိုင်ငံနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး စက်မှုလယ်ယာစနစ်ဖြင့် Smart Agriculture အဖြစ် အဆင့်မြှင့်တင်လိုခြင်းပင် ဖြစ်ကြောင်း။

အားလုံးသိကြသည့် အတိုင်း မြန်မာနိုင်ငံအနေဖြင့် ဒေသအလိုက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးနေပြီး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှ ကြိုးပမ်းဖော်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် မိတ်ဖက်နိုင်ငံဖြစ်သည့် ဘယ်လာရုစ်နိုင်ငံ၏ ခေတ်မီနည်းပညာနှင့်

စာမျက်နှာ ၁၀ သို့ *

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြား




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၇

ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့သို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မတ် ၇ ရက် ဒေသစံတော်ချိန် ညနေပိုင်းတွင် ဘယ်လာရုစ်သမ္မတနိုင်ငံ မင့်စ်မြို့တွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသားအရာရှိများအား President ဟိုတယ်၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲ အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး ညိုစော၊ ခရီးစဉ်တွင်လိုက်ပါလာသည့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဘယ်လာရုစ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ)နှင့် တာဝန်ရှိသူများ၊ သင်တန်းသားအရာရှိများ တက်ရောက်ကြသည်။

## ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်ပနိုင်ငံသို့ ပညာတော်သင်များစေလွှတ်ခြင်းသည် ရည်ရွယ်ချက်ရှိစွာဖြင့် စေလွှတ်သင်ကြား စေခြင်းဖြစ်ကြောင်း၊ သာမန်အားဖြင့် ဘွဲ့လွန်သင်တန်းသားများ ရှိသကဲ့သို့ လိုအပ်ချက်များကြောင့် စေလွှတ်ရသည့် ပညာတော်သင် သင်တန်းသားများလည်းရှိကြောင်း၊သင်တန်းများ စေလွှတ်တက်ရောက်စေခြင်းဖြင့် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့် ကာလအတွင်း သင်တန်းပြီးမြောက်အောင် သင်ကြားရန်နှင့် သင်ကြားပေးသည့် ပညာရပ်များကို အမှန်တကယ်တတ်မြောက်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

ပြည်ပနိုင်ငံတွင် ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ခံကြရသူများဖြစ်သဖြင့် မိမိကိုယ်ကို တန်ဖိုးထား၍ ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာသင်ကြားရန်အတွက် မိမိကိုယ်တိုင်အတွက် အချိန်နှင့်ငွေကြေးများ

စာမျက်နှာ ၁၁ သို့ ❍

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်နိုင်ငံတွင် ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။



❋ စာမျက်နှာ ၉ မှ

ပံ့ပိုးကူညီမှုများရရှိပါက မြန်မာနိုင်ငံရှိ လုပ်သားအင်အားများ၏ စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာပြီး နှစ်ဦးနှစ်ဖက် ပိုမိုတည်တံ့ခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ကြောင်း။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် Myanmar – Belarus Business Forum အရ နှစ်နိုင်ငံ တာဝန်ရှိသူများသည် ဓာတ်မြေသြဇာကဏ္ဍ၊ ကားထုတ်လုပ်ရေးကဏ္ဍ၊ ဆေးဝါးထုတ်လုပ်ရေးကဏ္ဍ၊ အဆင့်မြင့်ပညာရေးကဏ္ဍ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ တိရစ္ဆာန်ဆေးဝါးထုတ်လုပ်ရေးနှင့် စားသောက်ကုန်ကဏ္ဍ၊ ရေထွက်ပစ္စည်း ထုတ်ကုန်ကဏ္ဍများ၏အလားအလာကို အပြန်အလှန်မျှဝေခွင့်ရရှိခဲ့ကြောင်း၊ မိမိတို့အတူတကွ စီးပွားရေးဆိုင်ရာ ဆွေးနွေးမှုများကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက်လည်း နောင်အနာဂတ်တွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်




ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်အခမ်းအနားတွင် အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

မည့်အလားအလာကောင်းများ ရရှိမည်ဟုလည်း ယုံကြည်မိကြောင်း။

ယခုကဲ့သို့ မိမိတို့နှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှု အလားအလာများနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို သိရှိအောင် မျှဝေခွင့်ရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ရကြောင်း၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုမှု၊ အထူးသဖြင့် အပြန်အလှန်ပေးပို့ထားပြီး ဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သဘောတူစာချုပ်(မူကြမ်း)အပေါ် မိမိတို့နှစ်နိုင်ငံအကြား ပြန်လည်အသက်သွင်းနိုင်ရန် လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း၊ အနာဂတ်တွင် နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ များစွာရှိမည်ကို ယုံကြည်ကြောင်း၊ ယနေ့အခမ်းအနားတွင် အဆွေတော်တို့၏ အလေးထားစိတ်ဝင်စားမှုနှင့် တက်တက်ကြွကြွ ပါဝင်တက်ရောက်ပေးမှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်က အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်စေရေးအတွက် နည်းပညာများပူးပေါင်းဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ယခုကဲ့သို့ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ်ကို ကျင်းပခြင်းဖြင့် နှစ်နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးပြောကြားပြီး ဖိုရမ်ပထမပိုင်းကို ခေတ္တရပ်နားလိုက်သည်။

ဆက်လက်၍ မြန်မာ-ဘယ်လာရုစ်စီးပွားရေးဖိုရမ် ဒုတိယပိုင်းကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဆက်လက်ကျင်းပပြုလုပ်ရာ နှစ်နိုင်ငံတာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အကျဉ်းချုပ်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က အပိတ်နှုတ်ခွန်းဆက် စကားများ ပြောကြားကြသည်။

ထို့နောက် မြန်မာ-ဘယ်လာရုစ်စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများကို ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဘက်မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဘယ်လာရုစ်နိုင်ငံဘက်မှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

○ စာမျက်နှာ ၁၀ မှ


ကုန်ကျခံရခြင်း ရှိသကဲ့သို့ နိုင်ငံတော်နှင့် တပ်မတော်မှလည်း ထိုက်သင့်သည့် ကုန်ကျမှုများရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အကျိုးပြုနိုင်ရေးဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့်တပ်မတော်၏အကျိုးကို ကြိုးပမ်းဆောင်ရွက်လိုသည့် စိတ်များရှိကြရန်လိုကြောင်း။

လူတိုင်းတွင် မျှော်လင့်ချက်ရှိသကဲ့သို့ မိမိတို့တိုင်းပြည်၏ မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းပေးရန်လိုသဖြင့် မိမိတို့သင်ကြားခဲ့သည့်ပညာရပ်များဖြင့် တိုင်းပြည်၏ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြစေရန်လိုကြောင်း၊ တပ်မတော်သားများသည် အခြေခံအားဖြင့် စိတ်ဓာတ်ကောင်းမွန်ပြီး လုပ်ငန်းများ အောင်မြင်အောင်ကြိုးပမ်းဆောင်ရွက်ကြသူများ ဖြစ်ကြကြောင်း၊ မိမိကိုယ်ကိုတန်ဖိုးထားပြီး မိမိတို့ဘဝတိုးတက်အောင် ဆောင်ရွက်ကြ စေလိုကြောင်း၊ မိမိကိုယ်ကိုထိန်းသိမ်းပြီး လုံ့လဝီရိယအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများအားတွေ့ဆုံအမှာစကားပြောကြားစဉ်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်က သင်တန်းသား အရာရှိများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။



**စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်**

နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အလားတူ ဒေသစံတော်ချိန် နံနက်ပိုင်းကလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် မင့်စ်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်၍ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများအား သွားရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့၏သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေး ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်မှု၊ ချစ်ကြည်ရေးခရီးစဉ်အတွင်း စီးပွားရေးဖိုရမ်ကျင်းပနိုင်မှု၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုအခြေအနေများ၊ မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုများနှင့် အပြန်အလှန်ကုန်သွယ်မှုများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုမှုတို့နှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းမှာကြားကာ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းများနှင့် မိသားစုများ၏လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများအတွက် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပေါ်ဆန်းဖိုရမ် - ၂၀၂၅ စကားဝိုင်းဆွေးနွေးပွဲနှင့် ပေါ်ဆန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ပုသိမ် မတ် ၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ် - ၂၀၂၅ စကားဝိုင်းဆွေးနွေးပွဲနှင့် ပေါ်ဆန်းပြိုင်ပွဲဆုရရှိသူများအား ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ညနေပိုင်းတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ပညာရှင်များ၊ တိုင်းဒေသကြီးအတွင်းရှိ စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများ၊ တောင်သူများအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် တောင်သူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။



ဦးစွာ ပေါ်ဆန်းဖိုရမ်-၂၀၂၅ ဒုတိယနေ့ အစီအစဉ်အရ "ဧရာဝတီပေါ်ဆန်း တစ်ခေတ်ဆန်းရမည်" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲပြုလုပ်ရာ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာ ဝဏ္ဏာထွန်းက ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ပြီး စိုက်ပျိုးရေးပညာရှင် ဦးမြင့်သိန်း၊ ဆန်စက်လုပ်ငန်းရှင် ဦးအောင်ကြည်စိုး၊ မော်လမြိုင်ကျွန်းမြို့နယ်မှ ပေါ်ဆန်းစပါးစိုက်တောင်သူ ဦးတင်အောင်သန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာ စိမ့်သန္တာထွန်း၊ ဧရာ ပုသိမ်မျိုးစေ့ထုတ်ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းမြင့်လှိုင်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သုတေသနအရာရှိ ဒေါ်ဖြူပြာလွင်၊ သာပေါင်းမြို့နယ် ဆန်စက်လုပ်ငန်းရှင် ဦးဇော်ဝင်းထွန်းတို့က ပေါ်ဆန်းစပါး မျိုးကောင်းမျိုးသန့်များရရှိရေး၊ ပိုးမွှားအန္တရာယ်မကျရောက်စေရေး၊ နည်းပညာဆိုင်ရာ သုတေသန၊ ဒေသတွင်းထုတ်ကုန်သုတေသန၊ ဈေးကွက်သုတေသနလုပ်ငန်းများ၊ ဈေးကွက်ခိုင်မာမှု၊ ထုပ်ပိုးမှု၊ ပေါ်ဆန်းသီးသန့်စိုက်ပျိုးရေးဇုန်များ ထူထောင်ရေး၊ ပေါ်ဆန်းဈေးကွက်အလားအလာများ၊ ဒေသဆိုင်ရာအညွှန်းနှင့်ပတ်သက်၍ သိကောင်းစရာများဖြစ်သော မူပိုင်ခွင့်ဆိုင်ရာဥပဒေများကို ရှင်းလင်းဆွေးနွေးပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များက ပြန်လည်ဆွေးနွေးပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ပေါ်ဆန်းဖိုရမ် -၂၀၂၅ နှစ်ရက်တာ ကျင်းပရာတွင် အဓိကပါဝင်ခဲ့သော စာတမ်းရှင်များနှင့် ပေါ်ဆန်းပြိုင်ပွဲတွင် ဓာတုကင်းလွတ်ရေကြည်ပေါ်ဆန်းဖြင့် ပထမဆုရရှိသော ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု တောင်သူဦးကြည်ခိုင်စိုးတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်ငွေများကို တိုင်းဒေသကြီးဝန်ကြီးချုပ်ကလည်းကောင်း၊ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသူများနှင့် ပေါ်ဆန်းပြိုင်ပွဲတွင် ဒုတိယဆုရရှိသော ဝါးခယ်မမြို့နယ် ကျုံပေါက်ကျေးရွာမှ တောင်သူ ဦးဆန်းဝင်းတို့အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုချီးမြှင့်ငွေများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးကလည်းကောင်း၊ ပေါ်ဆန်းပြိုင်ပွဲတွင် တတိယဆုရရှိသော လပွတ္တာမြို့နယ် ဆားကျင်းကျေးရွာ တောင်သူ ဦးဆန်းထွန်းမြင့်နှင့် အထူးဆုရရှိသူများအား တိုင်းဒေသကြီး တရားသူကြီးချုပ်ကလည်းကောင်း၊ ပေါ်ဆန်းပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး၊ တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးနှင့် တာဝန်ရှိသူများကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်တွင် ရင်ငွေ့လှုံပူဇော်၍ ပင့်ဆောင်လာသည့် စွယ်တော်ပွား သုံးဆူကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘုရား သုံးဆူတွင် လှူဒါန်းပူဇော်





**မန္တလေး မတ် ၇**

သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရင်ငွေ့လှုံပူဇော်၍ ပင့်ဆောင်လာသည့် စွယ်တော်ပွားများအနက် မန္တလေးတိုင်းဒေသ ကြီးအတွင်းရှိ ဘုရားသုံးဆူတို့တွင် ကိန်းဝပ်ပူဇော်ထားရှိရန် စွယ်တော်ပွား သုံးဆူအား ယနေ့ နံနက်ပိုင်းက လှူဒါန်းခဲ့သည်။

ထိုသို့ လှူဒါန်းမှုအစီအစဉ်တွင် အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ် နန်းမြို့ဆုတောင်း ပြည့်စေတီတော်ရှိ ဆုတောင်းပြည့် မြတ်စွာဘုရား ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်ပူဇော်ထားရှိရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီး ချုပ် ဦးမျိုးအောင်က အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်ထံသို့ လည်းကောင်း၊ ရွှေကျီးမြင်ဘုရား လိုဏ်ဂူတော်အတွင်း ကိန်းဝပ်ပူဇော်ထားရှိရန် တိုင်းမှူးက ဂေါပကအဖွဲ့ဥက္ကဋ္ဌထံသို့ လည်းကောင်း၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့ရှိ မဟာရွှေသိမ်တော်ဆုတောင်းပြည့် မြတ်စွာဘုရား ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်ပူဇော်ထားရှိရန် တိုင်းဒေသကြီး သာသနာရေးမှူးက ဂေါပကအဖွဲ့ဥက္ကဋ္ဌထံသို့ လည်းကောင်း လှူဒါန်းပေးအပ်ခဲ့ကြောင်းနှင့် အများပြည်သူဖူးမြော် နိုင်ရန် လှူဒါန်းပူဇော်ထားကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



## သာစည်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၅ ခုနှစ် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်မည်

**သာစည် မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ၂၀၂၅ ခုနှစ် နွေရာသီအားကစားနည်း သင်တန်းများကို မတ် ၁၀ ရက်မှ စတင်၍ မြို့နယ်အားကစားကွင်း၌ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထွန်းဦးထံမှ သိရသည်။

အဆိုပါ သင်တန်းများတွင် ဘောလုံး၊ ဘော်လီဘော၊ ကရာတေးနှင့် ပြေးခုန်ပစ် အားကစားနည်းများကို အခြေခံမှစတင်၍ မတ်လကုန်အထိ နေ့စဉ် ညနေ ၄ နာရီမှ ၅ နာရီအထိ သင်ကြားပေးသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းများသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်၍ သော်လည်းကောင်း၊ ဖုန်း ၀၉-၄၃၀၆၈၃၅၅ နှင့် ၀၉-၇၇၉၉ ၅၃၅၃၂ သို့ လည်းကောင်း ဆက် သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(အပေါ်ပုံ)(၄၈၇)**

## ချမ်းမြသာစည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် ရှေးဦးမီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြဆောင်ရွက်

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနသည် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံးရှိ ဝန်ထမ်းများအား မီးဘေးအန္တရာယ် ဖြစ်ပွားမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဟောပြောခြင်းနှင့် ရှေးဦးမီးငြိမ်းသတ်ရေး လက်တွေ့သရုပ်ပြမှုများအား ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။ **(အပေါ်ယာပုံ)**

ထိုသို့ ဆောင်ရွက်ရာတွင် ချမ်းမြသာစည်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမင်းမင်းစိုးက ဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ်ကြောင့် အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးထိခိုက်မှုများ မရှိစေရေး သတိပြုဆောင်ရွက်ကြရန်၊ မီးချိတ်၊ မီးကပ်များနှင့် သဲအိတ်များထားရှိကြရန်၊ ဝါယာကြိုးများ ပေါက်ပြဲဆွေးမြေ့နေပါက အသစ်လဲလှယ်ခြင်းများ ပြုလုပ်ကြရန်၊ မိန်းတင်မိန်းချခလုတ်များ သေချာစွာစစ်ဆေးခြင်းများ ပြုလုပ်ကြရန်နှင့် မီးဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများအား အသိပညာပေးရှင်းလင်း ပြောကြားခဲ့ပြီးနောက် မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် လက်တွေ့ မီးငြိမ်းသတ်ခြင်းများကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။



ဆက်လက်ပြီး ဝန်ထမ်းများနှင့် မိသားစုဝင်များအား မီးဘေးအန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြခြင်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ချမ်းမြေ့**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့်တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**



# အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး မတ် ၇**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး(စည်တိုပုံမြို့ရိုး)ကျုံးတို့အား ရေးမူမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အင်းဝမြို့ဟောင်းရှိ လောကသရဖူဘုရားကြီး၊ မဟာဇေယျပထ-မောင်အိုတံတားနှင့် အုတ်လမ်း၊ အင်းဝမြို့ဟောင်း ဒုတိယမြို့ရိုး (စည်တိုပုံမြို့ရိုး) ကျုံးတို့အား ရေးမူမပျက် ရေရှည်ပြုပြင်ထိန်းသိမ်းနိုင်ရေးနှင့် လေ့လာဆန်းစစ်သုံးသပ်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ ယခင်အစည်းအဝေးမှ ဆောင်ရွက်ရမည့် ကဏ္ဍများအလိုက် မြေပြင်ကွင်းဆင်း လေ့လာသုံးသပ်တွေ့ရှိချက်များအား အချက်အလက်တိကျမှန်ကန်ပြည့်စုံစွာပြုစု၍ အမြန်ဆုံးတင်ပြသွားနိုင်ရေး၊ လုပ်ငန်းများ ချောမွေ့စွာပြီးမြောက်အောင်မြင်ရေးကို အလေးထားကာ ဆက်နွယ်ဌာနအချင်းချင်းချိတ်ဆက်၍ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုစနစ် အကောင်းဆုံးဖြင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။




၎င်းနောက် ဖွဲ့စည်းတာဝန်ပေးထားသည့်အဖွဲ့များမှ အဖွဲ့ခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ခဲ့ရာတွင် လေ့လာသုံးသပ်တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြပြီးနောက် ဌာနဆိုင်ရာ တိုင်းဦးစီးမှူးများက လုပ်ငန်းဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မှုအစီအမံများ၊ ကြုံတွေ့နေသည့် အခြေအနေများအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မြန်မာနေရှင်နယ်လိဂ်ကော်မတီ ၁/၂၀၂၅ အစည်းအဝေး ကျင်းပ




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီ၏ ယခုနှစ်အတွက် ပထမအကြိမ်အစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နိုဗိုတယ် ရန်ကုန်မက်စ်ဟိုတယ်တွင် ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေးသို့ မြန်မာနေရှင်နယ်လိဂ်ကော်မတီနာယကနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အကြီးတန်းဒုတိယဥက္ကဋ္ဌနှင့် ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေ၊ မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်း၊ ရှမ်းယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ချင်းလန်းအသင်းပိုင်ရှင် ဦးထောင်ထာထန်း၊ ရခိုင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှကျော်ဝင်း၊ မဟာယူနိုက်တက်အသင်းပိုင်ရှင် ဦးချစ်မျိုးထိုက်၊ ဒဂုံစတားယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးတင်မိုးနိုင်၊ မြန်မာနေရှင်နယ်လိဂ်-၁၊ မြန်မာနေရှင်နယ်လိဂ်-၂နှင့် မြန်မာအမျိုးသမီးလိဂ်မှ အသင်းပိုင်ရှင်များ၊ အသင်းဥက္ကဋ္ဌများ ကလပ်အသင်းအသီးသီးမှ CEOနှင့် အထွေထွေမန်နေဂျာများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ မြန်မာနေရှင်နယ်လိဂ်ကော်မတီနာယကနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီးနောက် မြန်မာနေရှင်နယ်လိဂ်ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းသိန်းက ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီမှ အသုံးစရိတ်များအား ရှင်းလင်းတင်ပြခြင်း၊ လာမည့် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအတွက် ဘဏ္ဍာငွေလျာထား၊ သုံးစွဲသွားရန် ဆောင်ရွက်ထားသည့်အခြေအနေများနှင့် ရာသီသစ်အတွက် ရေးဆွဲထားသည့် ဘောလုံးပြက္ခဒိန်အား ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြိုင်ပွဲကျင်းပမည့်အစီအစဉ်များ၊ တန်းဆင်း၊ တန်းတက်ကိစ္စနှင့် နိုင်ငံတကာကလပ်အသင်းပြိုင်ပွဲဝင် သတ်မှတ်ပေးရေးကိစ္စများအား ရှင်းလင်းတင်ပြခဲ့သည်။ ယင်းသို့တင်ပြမှုအပေါ် ရာသီသစ်အတွက် ပြိုင်ပွဲအစီအစဉ်များနှင့် လျာထားဘတ်ဂျက်ကို အတည်ပြုခဲ့ပြီး တန်းဆင်း၊ တန်းတက်ကိစ္စများနှင့် နိုင်ငံတကာကလပ်အသင်းပြိုင်ပွဲအတွက် ယှဉ်ပြိုင်ခွင့်ရမည့်အသင်း သတ်မှတ်ပေးခြင်းကိစ္စများကို MNL Regulationsပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်နှင့် Regulations တွင် ထူးခြားသည့် ကိစ္စရပ်များနှင့်ပတ်သက်၍ လိဂ်ကော်မတီက ဆုံးဖြတ်အတည်ပြုရမည့်ကိစ္စရပ်များကို Regulations တွင် ဖြည့်စွက်ပြဋ္ဌာန်း၍ လိဂ်ကော်မတီတွင် ထပ်မံအတည်ပြုပြီး ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့သည်။

ထို့နောက် တက်ရောက်လာသူများနှင့် ကလပ်အသင်းတာဝန်ရှိသူများက အထွေထွေဆွေးနွေးခြင်း၊ အတည်ပြုဆုံးဖြတ်ခြင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က နိဂုံးချုပ်အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ပြီးနောက် အစည်းအဝေးအား ရုပ်သိမ်းခဲ့ ကြောင်း သိရသည်။ **(NGB)**

## မြို့မဈေးကြီး၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေ

**တောင်တွင်းကြီး မတ် ၇**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် ဈေးများ မီးလောင်ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လိုက်လံစစ်ဆေးခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယနေ့နံနက် ၉ နာရီက ရွှေကြာအင်း(၁) ရပ်ကွက်ရှိ မြို့မဈေးကြီး၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးစောမောင် ဦးဆောင်မှုဖြင့် ဒုတိယမီးသတ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ဈေးတာဝန်ခံများနှင့် တာဝန်ရှိသူများက ပွင့်လင်းရာသီကာလ၌ ဈေးဆိုင်ခန်းများတွင် မီးသတ်ဆေးဘူးများ စနစ်တကျထားရှိခြင်း ရှိ/မရှိ၊ မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ ဆိုင်ခန်းများတွင် တပ်ဆင်ထားသည့် လျှပ်စစ်မီးကြိုးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ မြို့မဈေးအတွင်း၌ မီးငြိမ်းသတ်ရေးအတွက် ဆောင်ရွက်ထားရှိသော ရေလှောင်ကန်များ၊ အမြင့်တင်ရေစင်များ၊ မီးချိတ်၊ မီးကပ်၊ မီးသတိပေးစာတမ်းများ၊ လျှပ်စစ်ဝါယာသွယ်တန်းမှုစနစ်များ ကောင်းမွန်ခြင်း ရှိ၊ မရှိတို့အား စစ်ဆေးဆောင်ရွက်ခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဒေသခံပြည်သူများ မီးဘေးအသိ၊ မီးဘေးသတိရှိစေရန် မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးဆောင်ရန်၊ ရှောင်ရန်အချက်များ ပါဝင်သည့် အသိပညာပေးလက် ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။**နောင်နောင်(ဗိဿနိုးမြေ)**



စိမ်းလန်းလှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

## မန္တလေးပြည်သူ့ဆေးရုံကြီး အထူးသီးသန့်အခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက် သွားရောက်ဖူးမြော်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား

မန္တလေး မတ် ၇

မန္တလေးပြည်သူ့ဆေးရုံကြီး ၉ ထပ်ဆောင်ရှိ အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၊ နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ(သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၃ ဝါ) အား မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်တို့က ယနေ့နံနက်ပိုင်းတွင် သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ် ၉ ထပ်ဆောင်၊ (၄)လွှာသို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်၍ အာဟာရဖြည့်စွက်စာများ လှူဒါန်းကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားခဲ့သည်။ (ယာပုံ)

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီး၏ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်ကြီးအား ကျန်းမာရေးစောင့်ရှောက်ပေးရာတွင် လစ်ဟင်းမှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်ပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဩဝါဒါစရိယ၊ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ် ဆရာတော်ကြီးမှာ မန္တလေးပြည်သူ့ဆေးရုံကြီး ၉ ထပ်ဆောင်၊ (၄)လွှာရှိ အထူးသီးသန့်ခန်းတွင် သီတင်းသုံးကာ လိုအပ်သည့်ဆေးဝါးကုသမှုများ ခံယူလျက်ရှိပြီး ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့် ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ အေးအေးချစ်၊ အစာအိမ်နှင့်အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဝင်းဖြူဖြူမြင့် တို့အဖွဲ့က အနီးကပ်ကြပ်မတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သိရသည်။



(မန္တလေးနေ့စဉ်)

## မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI တွင် မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ





မန္တလေး မတ် ၇

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း MRCCI တို့ပူးပေါင်း၍ မူပိုင်ခွင့်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ရတနာပုံစူပါစင်တာ (၄)လွှာ MRCCI အသင်းရုံးတွင် ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မူပိုင်ခွင့်ဦးစီးဌာန၊ MRCCI အသင်းရုံးတို့မှ တာဝန်ရှိသူများ၊ အသေးစား၊ အလတ်စားနှင့် အငယ်စားစီးပွားရေးလုပ်ငန်းရှင်များနှင့်ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကားနှင့် မူပိုင်ခွင့်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအေးသီရိဝေက မူပိုင်ခွင့်ဆိုင်ရာသိကောင်းစရာများကို ပြောကြားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ကျင်းပခဲ့သည်။

နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် မူပိုင်ခွင့်ကဏ္ဍသည် အရေးပါသည့်အတွက် မူပိုင်ခွင့်ဦးစီးဌာနအနေဖြင့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေတို့ကို ၂၀၁၉ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အာဏာသက်ဝင်နိုင်ခဲ့ပြီဖြစ်ရာ MSME လုပ်ငန်းရှင်များ စီးပွားရေးလုပ်ငန်းများဆောင်ရွက်သည့်အခါ မူပိုင်ခွင့်အကာအကွယ်ပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ရည်ရွယ်ပြီး အသိပညာပေးဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် ယခုအသိပညာပေးဆွေးနွေးပွဲ၌ စီးပွားရေးလုပ်ငန်းရှင်များမှ လျှောက်ထားလာသည့် သက်ဆိုင်ရာမူပိုင်ခွင့်များနှင့်ပတ်သက်၍ တာဝန်ရှိသူများက ချက်ချင်းလက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၄)

## လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်

ပွင့်ဖြူ မတ် ၇

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်ရှိ ဒေသခံပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် မြို့ပြသန့်ရှင်းသာယာလှပစေရန် ရည်ရွယ်၍ မတ် ၆ ရက်က ဓာတ်အားလိုင်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် လမ်းမီးတိုင်များ လျှပ်စစ်မီးသီး လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအဖွဲ့က မြို့နယ်လျှပ်စစ်ရုံးမှ ဝန်ထမ်းများနှင့်အတူ ပွင့်ဖြူမြို့ ဗိုလ်ချုပ်လမ်းတစ်လျှောက်ရှိ လျှပ်စစ်လမ်းမီးတိုင်များတွင် သဘာဝဘေးအန္တရာယ်ကြောင့် မီးမလင်းတော့သည့် လျှပ်စစ်မီးသီးများကို ဖြုတ်သိမ်း၍ LED မီးသီးများဖြင့် အသစ်လဲလှယ်တပ်ဆင်ခြင်း၊ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန် ဓာတ်အားလိုင်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျ ပြုလုပ်ဆောင်ရွက်ခဲ့သည်။ အဆိုပါ ဓာတ်အားလိုင်းပြုပြင် ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်နှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပြနှင့်ကျေးလက်ဒေသတစ်ခွင် စဉ်ဆက်မပြတ် သန့်ရှင်းသာယာလှပစေရေးအတွက် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ ပလတ်စတစ်အမှိုက်များ စနစ်တကျ စွန့်ပစ်ရေး အသိပညာပေးခြင်း၊ မြို့ပတ်ဝန်းကျင် စွန့်ပစ်ပလတ်စတစ်ကြွပ်ကြွပ်အိတ်အမှိုက်များ လိုက်လံကောက်ယူရှင်းလင်းခြင်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုကဲ့သို့ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်နှင့် ညပိုင်း အဆင်ပြေစွာသွားလာစေနိုင်ရန် လျှပ်စစ်မီးလိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လျှပ်စစ်မီးသီးများ အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)(၄၄၅)

## မီးဘေးလုံခြုံရေးစစ်ဆေးပြီး အသိပညာပေး ဟောပြော

သာစည် မတ် ၇

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်မီးသတ်ဦးစီးဌာနက ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးပြီး အသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူး အသုံးပြုနည်းများ လက်တွေ့သရုပ်ပြသခြင်းများကို မတ် ၅ ရက်က စတင်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထွန်းထွန်းဝင်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက ဌာနဆိုင်ရာရုံးများ မီးဘေးလုံခြုံရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လိုက်လံစစ်ဆေးပြီး မီးဘေးလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား အသိပညာပေးဟောပြောခြင်း၊ အကြံပြုချက်များနှင့် မီးသတ်ဦးစီးဌာန၏ ဖုန်းနံပါတ်တို့ကို မြင်သာထင်ရှားအောင် ဆောင်ရွက်ထားရှိရန်၊ မီးသတ်ဆေးဘူးများ၊ မီးချိတ်၊ မီးကပ်၊ သဲ၊ ရေပုံးများ ပြည့်စုံစွာထားရှိရန်၊ မီးသတ်ဆေးဘူးအသုံးပြုနည်း လက်တွေ့သရုပ်ပြခြင်းများကို ဆောင်ရွက်ခဲ့သည်။ သာစည်မြို့နယ်အတွင်း မီးဘေးလုံခြုံရေးအတွက် ရပ်ကွက်၊ ကျေးရွာများကိုလည်း ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၄၈၇)

# ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ ဥပဒေအသိပညာပေး ဟောပြောပွဲကျင်းပ



**မုံရွာ မတ် ၇**

မုံရွာမြို့တွင် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာ လုပ်ငန်းကော်မတီဥပဒေ အသိပညာပေးဟောပြောပွဲကို မတ် ၆ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်နိုင်စိုးက အသိပညာပေး ဆွေးနွေးပွဲပြုလုပ်ရခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့သည်။ဆက်လက်၍ ခရိုင်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌကိုယ်စား ခရိုင်ဥပဒေအရာရှိများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူတို့က ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ချပြရှင်းလင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ ခရိုင်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ဥပဒေရေးရာလုပ်ငန်းကော်မတီ ခရိုင်ဥပဒေအရာရှိများနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာမြို့ ရပ်ကွက်များအတွင်းရှိ ကား၊ ဆိုင်ကယ်ပြုပြင်ရေးဆိုင်၊ စားသောက်ဆိုင်၊ လက်ဖက်ရည်၊ ကဖေးနှင့်အအေးဆိုင်၊ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် လုပ်ငန်းရှင်၊ ပိုင်ရှင်များ စုစုပေါင်း ၃၀ ဦးခန့်အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဓါတ်ပုံ)

**မြို့နယ်(ပြန်/ဆက်)**

# အသက်(၈၅)နှစ်အထက် သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ငွေများပေးအပ်

**အောင်လံ မတ် ၇**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ လူမှုဝန်ထမ်းဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အသက်(၈၅)နှစ်အထက် ဘိုးဘွားများအား လူမှုရေးပင်စင်ငွေများပေးအပ်ရာ ဇန်နဝါရီ ၉ ရက်မှ စတင်၍ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ ကိုယ်တိုင်လာရောက် မထုတ်ယူနိုင်သည့် သက်ကြီးဘိုးဘွားများ ကိုယ်စားသက်ဆိုင်ရာ ကိုယ်စားလှယ်များက လာရောက်ထုတ်ယူလျက်ရှိသည်။ (ယာပုံ)



ထိုသို့ လူမှုရေးပင်စင်ငွေများ ထုတ်ပေးရာတွင် ၂၀၂၄-၂၀၂၅(ပထမ၊ ဒုတိယ၊ တတိယ) သုံးလပတ်အတွက် အောင်လံမြို့နယ်အတွင်းမှ သက်ကြီးဘိုးဘွား ၁၀၂၅ဦးအား စုစုပေါင်း ငွေကျပ် ၇၃၁၁၀၀၀၀ သိန်းအား အောင်လံမြို့နယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ/စာရေးကြီးများ၊ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာနှင့် ဝန်ထမ်းများ၊ အောင်လံမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက စည်းကမ်းချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

# ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းစစ်ဆေး

**ဥတ္တရသီရိ မတ် ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု/နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဥတ္တရသီရိ မြို့နယ်အတွင်းရှိ လမ်းတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ယမန်နေ့ နံနက်ပိုင်းတွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းတာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေနှင့် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်ဦးတို့က ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများနှင့်အတူ လမ်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေး ပြည့်မီစေရေး၊ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။**မြို့နယ်(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၊ အင်းခေါင်းကန် ရေရှည်တည်တံ့စေရေး ပတ်ဝန်းကျင်သာယာလှပစေရေးအတွက် ဆောင်ရွက်ထားရှိ

**ရပ်စောက် မတ် ၇**

ရပ်စောက်မြို့ရှိ အင်းခေါင်းရေကန်သည် မြို့၏ အဓိက ရေထွက်ပင်ရင်းတစ်ခုဖြစ်ပြီး စိုက်ခင်းများနှင့် မြို့ပေါ်(၇)ရပ်ကွက်ရှိ အများပြည်သူများ သုံးစွဲနိုင်ရေးအတွက် ရေပေးဝေလျက်ရှိသည့် ရေကန်တစ်ခုဖြစ်ပါသည်။ ၎င်းအင်းခေါင်းကန်ပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးအတွက် ကန်အတွင်း အမှိုက်နှင့်နုန်းဆယ်ခြင်း၊ ချုံနွယ်များ ရှင်းလင်းခြင်း၊ အသိပညာပေး ဆိုင်းဘုတ်များ စိုက်ထူခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးဌာနမှ မတ် ၆ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဓါတ်ပုံ)

(ကဆ)

*-*-*-*-*

ဖတ်စရာ၊ မှတ်စရာ စုံလင် ယနေ့မြန်မာ

## သင့်ကြောင့်

* မီး၊ ရေ၊ လေကြား
သုံးပါးရန်စွယ်၊ မီးအန္တရာယ်ကား
လောင်လွယ်မီးပျိုး၊ ရန်စွယ်ငြိုးကြောင့်
လူခိုးမပြောင်၊ မီးခိုးပြောင်သို့
မလောင်ခင်တား၊ သတိပွား၍
ကြိုးစားလိုက်နာ၊ ဆောင်ရွက်ပါ။
* အမှိုက်ကစ၊ ပြာသာဒ်မီးလောင်
မလောင်ခင်တား၊ သိမ်းဆည်းထား။
* မီးကြွင်းမီးကျန်၊ အိမ်တွင်းရန်အား
ဖန်ဖန်ရှေ့ရှု၊ သတိပြု။
* ရေပုံးသဲအိတ်၊ စုပုံချိတ်၍
မီးချိတ်၊ မီးကပ်၊ ဆောင်ထားအပ်။
* ဆေးလိပ်သောက်ရင်း၊ လမ်းသွားခြင်းအား
ရိုင်းပင်းကူကာ၊ ရှောင်ကြဉ်ပါ။
* မလိုက်နာမှု
များစွာလူတို့၊ ရန်သူမီးစ
လောင်မီးကျလျက်၊ စမှအဆုံး
တစ်မြို့လုံးသို့ ပြာဖုံးဘဝ
ရောက်ကြမသွေ၊ သောကပွေလိမ့်
များထွေလူထု၊ သတိပြုလျက်
ရှေ့ရှုကြံဆောင်၊ ဤလူ့ဘောင်အား
မီးလောင်လေပင့်၊ ခန့်မသင့်၍
သင့်ကြောင့်…
မီးမလောင်ပါစေနှင့် ။ ။

**ဇော်မြင့်မိုရ် (မီးရထား)**



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အေသီနာဟု အမည်ရသော အမေရိကန်အာကာသယာဉ် လမျက်နှာပြင်ပေါ်တွင် တည့်တည့်မတ်မတ်ဖြစ်နေပုံမရ



**ဝါရှင်တန် မတ် ၇**

အမေရိကန် ပုဂ္ဂလိက ကုမ္ပဏီတစ်ခုက လကမ္ဘာ၏ တောင်ဝင်ရိုးစွန်းအနီးသို့ အေသီနာဟု အမည်ရသော အာကာသယာဉ်တစ်စင်းကို မကြာသေးမီက အောင်မြင်စွာ လွှတ်တင်ပေးနိုင်ခဲ့သော်လည်း ထိုယာဉ်သည် တည့်တည့်မတ်မတ်ဖြစ်နေပုံမရကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းအာကာသယာဉ်သည် ကမ္ဘာမြေနှင့် ဆက်သွယ်နေသော်လည်း မှန်ကန်သောအနေအထားတွင် မရှိကြောင်း အင်ကျူးတစ်မရှင်းစ်ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။

အနီးအနားရှိ ချောက်ကမ်းပါးတစ်ခုကို ထိုအာကာသယာဉ်ပေါ်မှကိရိယာများဖြင့် စူးစမ်းရန်နှင့် ပထမဆုံး လကမ္ဘာလှုပ်ရှားဆက်သွယ်ရေးအင်တာနာကို ဒီဇိုင်းထုတ်ထားသည့် ခုန်တက်နိုင်သော စက်ရုပ်အပါအဝင် သိပ္ပံပစ္စည်းများကို ဆက်လက်တပ်ဆင်နိုင်ရန် မျှော်လင့်ထားသည်။

အင်ကျူးတစ်မရှင်းစ်ကုမ္ပဏီက ဖန်တီးပြုလုပ်ပေးခဲ့သော ထိုအာကာသယာဉ်သည် လကမ္ဘာပေါ်တွင် ပုံမှန်မဟုတ်သောအနေအထားဖြင့် ဒုတိယအကြိမ် ဆင်းသက်မိခြင်း ဖြစ်သည်။

ယင်းကုမ္ပဏီသည် အမေရိကန် အာကာသစူးစမ်းလေ့လာရေးအဖွဲ့နှင့်ပူးပေါင်းကာ လကမ္ဘာမျက်နှာပြင်ပေါ်တွင် ရေနှင့်ရေခဲအထောက်အထားများကို ရှာဖွေနေပြီး လူသားများကို လကမ္ဘာသို့ ပြန်လည်ပို့ဆောင်ရန် ရည်မှန်းထားကြောင်း သိရသည်။

Mon

## ဂျိုးဘိုင်ဒင်၏သားဖြစ်သူ ဟန်တားဘိုင်ဒင် ငွေကြေးအခက်အခဲများနှင့် ရင်ဆိုင်နေရ



**ဝါရှင်တန် မတ် ၇**

ဂျိုးဘိုင်ဒင်၏သားဖြစ်သူ ဟန်တားဘိုင်ဒန်သည် သူ့အနေဖြင့် ပြင်းထန်သော ငွေကြေးအခက်အခဲများနှင့်ရင်ဆိုင်နေရပြီး သမ္မတဒေါ်နယ်လ်ထရမ့်၏ ယခင်အကြံပေးတစ်ဦးအပေါ် တရားစွဲဆိုမှုကို ဆက်လက်ဆောင်ရွက်ရန် တရားစရိတ်မတတ်နိုင်ဟု ယမန်နေ့က ပြည်ထောင်စုတရားသူကြီးထံ ပြောကြားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သမ္မတဟောင်း ဂျိုးဘိုင်ဒင်၏သားသည် ၂၀၂၃ ခုနှစ်တွင် ဂါရက်ဇီဂလာကို တရားစွဲဆိုခဲ့ပြီး ၎င်းနှင့် ၎င်း၏ မာကိုပိုလိုအမည်ရှိ အကျိုးအမြတ်မယူသော အဖွဲ့အစည်းတို့သည် မိမိ၏လက်ပ်တော့ပ်မှ ရယူထားသည်ဟုဆိုသော အီးမေးလ် ၁၂၈၀၀၀ ကို အွန်လိုင်းဒေတာဘေ့စ်တစ်ခုတွင် ဖြန့်ဝေခြင်းဖြင့် ဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့သည်။

ဇီဂလာဘက်မှ ယခင်က ထိုတရားစွဲဆိုမှုကို လုံးဝအခြေအမြစ်မရှိသော အမှုအဖြစ် ပယ်ချခဲ့သည်။

ယမန်နေ့က တရားရုံးသို့ တင်သွင်းသည့် စာတွင် ဘိုင်ဒင်၏ ရှေ့နေများက အမေရိကန်ခရိုင်တရားသူကြီး ဟာနန်ဒီဇီရာထံ အဆိုပါတရားစွဲဆိုမှုကို ရပ်စဲရန် တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mon

## ရာထူးမှ ရုပ်သိမ်းခံခဲ့ရသော သမ္မတ ယွန်းဆွတ်ယူးလ် ထောင်မှလွတ်မြောက်ရေးလမ်းစပွင့်လာပြီဟု ဆို



**ဆိုးလ် မတ် ၇**

စစ်အုပ်ချုပ်ရေးကြေညာခဲ့မိသဖြင့် ရာထူးမှရုပ်သိမ်းခံခဲ့ရသော သမ္မတ ယွန်းဆွတ်ယူးလ်၏ အမိန့်စာကို ယမန်နေ့က တောင်ကိုရီးယားတရားရုံးမှ ပယ်ဖျက်လိုက်ရာ ၎င်း ထောင်မှလွတ်မြောက်ရေးလမ်းစပွင့်လာပြီဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဆိုင်းငံ့ခံထားရသော သမ္မတအနေဖြင့် အမိန့်စာထုတ်ခဲ့သည့်အပေါ် တရားမဝင်ဟု စောဒကတက်ကာ ယမန်လက ဆိုးလ်ဗဟိုခရိုင်တရားရုံးသို့ လျှောက်လဲချက်တင်ခဲ့သည်။

လုပ်ထုံးလုပ်နည်းအတိုင်းဖြေရှင်းပြီး စုံစမ်းစစ်ဆေးမှုနှင့်ပတ်သက်သည့် သံသယများကို ဖယ်ရှားရန်၊ ထိန်းသိမ်းထားမှုကို ပယ်ဖျက်ရန် ဆုံးဖြတ်ချက်ချသင့်သည်ဟု တရားရုံးက ဖြည့်စွက်တင်ပြခဲ့ကြောင်း သိရသည်။

Mon



## ဒိန်းမတ်၏ နိုင်ငံပိုင် စာတိုက်ဝန်ဆောင်မှုလုပ်ငန်း ယခုနှစ်ကုန်တွင် စာပို့ဆောင်မှုအားလုံး ရပ်တန့်မည်

**ကိုပင်ဟေဂင် မတ် ၇**

ဒိန်းမတ်၏ နိုင်ငံပိုင် စာတိုက်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သော ပို့စ်နော့က ၂၀၂၅ ခုနှစ်ကုန်တွင် စာပို့ဆောင်မှုအားလုံးကို ရပ်တန့်မည်ဟု ယမန်နေ့က ကြေညာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ဆုံးဖြတ်ရခြင်းမှာ ရာစုနှစ်အစနှင့်ယှဉ်လျှင် စာပို့ဆောင်မှုပမာဏ ၉၀ ရာခိုင်နှုန်း ကျဆင်းသွားခြင်းကြောင့် ဖြစ်သည်။

ထိုဆုံးဖြတ်ချက်ဖြင့် ပို့စ်နော့၏ စာပို့တိုက်ဝန်ဆောင်မှု နှစ် ၄၀၀ ကျော် သမိုင်းကြောင်းသည်လည်း အဆုံးသတ်သွားမည်ဖြစ်ရာ ဒိန်းမတ်နိုင်ငံရှိ စာတိုက်ပုံး ၁၅၀၀ ခုကို ဇွန်လအစပိုင်းကတည်းက ဖယ်ရှားသွားမည်ဟု ဆိုသည်။

သို့ရာတွင် စာနှင့်အထုပ်များအတွက် လွတ်လပ်သော ဈေးကွက်ရှိနေသေးရာ ဒိန်းမတ်နိုင်ငံသားများအနေဖြင့် စာများကို ဆက်လက်ပို့နိုင်ပြီး လက်ခံနိုင်ဦးမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီး သောမတ်စ် ဒန်နီယယ်ဆန်က ပြောကြားခဲ့သည်။

ဥရောပတစ်ခွင်ရှိ စာတိုက်ဝန်ဆောင်မှုလုပ်ငန်းများသည် စာပို့ဆောင်မှုပမာဏ ကျဆင်းလာမှုကို ရင်ဆိုင်နေရပြီး ဂျာမနီနိုင်ငံရှိ ဒွိုက်ချ်ပို့စ် စာပို့တိုက်လုပ်ငန်းက အလုပ်အကိုင် ၈၀၀၀ကို ဖြတ်တောက်မည်ဟု မကြာသေးမီက ကြေညာခဲ့ကြောင်း သိရသည်။

Mon

## ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဆံပင်ညှပ်ပညာရှင် အသက် ၁၀၈ နှစ်အရွယ်အထိ အနားယူရန် အစီအစဉ်မရှိ

**တိုကျို မတ် ၇**

ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဆံပင်ညှပ်ပညာရှင်ဖြစ်သည့် အသက် ၁၀၈ နှစ်အရွယ် ဂျပန်အမျိုးသမီး ရှိဆုဟာကောအိရှိသည် အနားယူရန် အစီအစဉ်မရှိသေးကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂင်းနစ်ကမ္ဘာ့စံချိန်မှတ်တမ်းအဖွဲ့က လွန်ခဲ့သောအပတ်အတွင်း မိမိကို တရားဝင်အသိအမှတ်ပြုလိုက်သဖြင့် ပျော်ရွှင်ကျေနပ်နေမိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားသည်။

မတ်လ ၅ ရက်တွင် ဂင်းနစ်ကမ္ဘာ့စံချိန်အပြည့်ပြည့်ဆိုင်ရာမှတ်ပုံတင်အဖွဲ့က ၎င်းအား ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသမီးဆံပင်ညှပ်ပညာရှင်အဖြစ် အသိအမှတ်ပြုသော တရားဝင်လက်မှတ်တစ်စောင် ပေးအပ်ခဲ့သည်။

ကျွန်မ ဖောက်သည်တွေကြောင့် ကျွန်မ ဒီလောက်ထိ တိုးတက်လာတာပါဟု ဟကောအိရှိက တိုကျို မြို့ အရှေ့မြောက်ဘက် တောချိဂိစီရင်စုနယ် နကဂဝမြို့ရှိ အားကစားရုံတစ်ခုတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Mon





ပြည်နယ်အစိုးရမှ တာဝန်ရှိသူများ ဩစတြေးလျနိုင်ငံ ကွင်းစ်လန်းပြည်နယ်ရှိ အဲလ်ဖရက်မုန်တိုင်း ဖြတ်သန်းဝင်ရောက်မည့် လမ်းကြောင်းပေါ်ရှိ ဒေသများသို့ မတ် ၇ ရက်က သဲအိတ်များ ပို့ဆောင်ပေးနေစဉ်။

Mon

## မီးဘေးအတွက် ထုတ်ပြန်ထားသော ရွှေ့ပြောင်းရန် အမိန့်ကို မိုးရွာသွန်းကာ မီးငြိမ်းပြီးနောက် တစ်စိတ်တစ်ပိုင်း ရုပ်သိမ်း

**တိုကျို မတ် ၇**

ဂျပန်နိုင်ငံသည် မတ် ၇ ရက်တွင် မိုးရွာသွန်းမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်အတွင်း အဆိုးရွားဆုံးမီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် မီးဘေးအတွက် ထုတ်ပြန်ထားသော ရွှေ့ပြောင်းရန် အမိန့်ကို တစ်စိတ်တစ်ပိုင်းရုပ်သိမ်းလိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

မြောက်ပိုင်းရှိ အိုဖူနာတိုမြို့အနီးရှိ တောင်တန်းများတွင် တစ်ပတ်ကျော်ကြာ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး လူတစ်ဦးသေဆုံးကာ နေအိမ်မှ လူပေါင်း ၄၂၀၀ ကျော် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

မြို့တော်ဝန် ရှင်အိချိ မတ်ဆုကာဝါက သတင်းထောက်များအား နေထိုင်သူ လူပေါင်း ၁၀၀၀ နီးပါးအတွက် ထုတ်ပြန်ထားသော ရွှေ့ပြောင်းရန် အမိန့်ကို ရုပ်သိမ်းပြီဟု အတည်ပြုပြောကြားခဲ့ကြောင်း သိရသည်။

Mon



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko တို့ တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၇

ဘယ်လာရုစ် သမ္မတနိုင်ငံ မင့်စ်မြို့၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko အား မတ် ၆ ရက် ဒေသစံတော်ချိန်ညနေပိုင်းတွင် မင့်စ်မြို့ President ဟိုတယ်ရှိ အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ခရီးစဉ်တွင် လိုက်ပါလာသည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ဘယ်လာရုစ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ရေးဆိုင်ရာကိစ္စရပ်များတွင် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်ရေးနှင့် နည်းပညာများ အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဘယ်လာရုစ် သမ္မတနိုင်ငံ ဒုတိယ ဝန်ကြီးချုပ်တို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Yuri Shuleiko တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

## AFC Women's Football Day 2025 အမျိုးသမီးဘောလုံးပွဲတော် ကျင်းပ




**ရန်ကုန် မတ် ၇**

အာရှဘောလုံးအဖွဲ့ချုပ် အစီအစဉ်တစ်ရပ်ဖြစ်သည့် AFC Women's Football Day 2025 အမျိုးသမီးဘောလုံးပွဲတော်အား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူး၍ ယနေ့ နေ့လယ်ပိုင်းက MFF FUTSAL STADIUM နှင့် သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတို့တွင် ပြုလုပ်ခဲ့သည်။

နိုင်ငံတကာ အမျိုးသမီးများနေ့ အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ကျင်းပခဲ့သည့် အဆိုပါ အမျိုးသမီးဘောလုံးပွဲတော်သို့ အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပယ်ကြည်၊ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်စောဦးနှင့်အဖွဲ့ဝင်များ၊ ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးဝင်းသော်၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်သောင်းထိုက်၊ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ကော်မတီအဖွဲ့ဝင်များ၊ MFF တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း၊ ယူ- ၁၉ အမျိုးသမီးအသင်း၊ YRG အမျိုးသမီးဖူဆယ်အသင်း၊ YREO အမျိုးသမီးအသင်းနှင့် အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက် ဆင်နွှဲခဲ့ကြသည်။

MFF FUTSAL STADIUM အခမ်းအနားတွင် အမျိုးသမီးဘောလုံးကော်မတီအဖွဲ့ဝင် ဒေါ်သိန်းသိန်းအေးက အဖွင့်အမှာစကားပြောကြားပြီးနောက် အမျိုးသမီးဘောလုံးပွဲတော် အစီအစဉ်များအား ဆက်လက်ကျင်းပခဲ့သည်။ ယင်းနောက် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနှင့် YRG အမျိုးသမီးဖူဆယ်အသင်းတို့အား ၄ သင်းခွဲ၍ ခြေစမ်းပွဲ ကျင်းပခဲ့ပြီး အမှတ်တရလက်ဆောင်များ ပေးအပ်၍ စုပေါင်းဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့ပြင် သုဝဏ္ဏကွင်းအတွင်းရှိ သတင်းစာရှင်းလင်းပွဲခန်းမတွင် AFC Women's Football Day 2025 အမျိုးသမီးဘောလုံးပွဲတော် အထိမ်းအမှတ်အဖြစ် Fitness and Nutrition ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်ခဲ့ရာ MFF ဆေးဘက်ဆိုင်ရာဌာနမှ Medical Officer ဒေါက်တာယုနန္ဒာထွန်းက ဟောပြောပို့ချခဲ့ပြီး တက်ရောက်လာသည့် အမျိုးသမီးဘောလုံးကစားသမားများနှင့် စုပေါင်းဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံတကာ အမျိုးသမီးများနေ့ အထိမ်းအမှတ် ဘောလုံးပွဲတော်များအား အာရှဘောလုံးအဖွဲ့ချုပ်နှင့် ပူးပေါင်း၍ နှစ်စဉ်ကျင်းပလျက်ရှိသည်။

**(NGB)**

**0-0-0-0-0**

